# မကျွတ်သေးသည့် သရဲဝိညာဉ်



သန်းမြင့်ဦး

ခြောက်ခြောက်ချားချားသရဲ ဝတ္ထု

# ပုံနှိပ်မှတ်တမ်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး-(     )ကျပ်

စီစဉ်သူ - ဦးခင်သောင်း
မျက်နှာဖုံး - ကိုမျိုးဟိန်းထွဋ်
ကွန်ပျူတာစာစီ - ခင်ပြုံးဝင်း
ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန်
သင်းစာပေ မြဲ (၀၄၂၃၂)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း
လှည်းတန်း၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ကိုခင်သောင်း၊ မြဲ (၁၀၄၀၃)
'ဟိန်းတောက်ထွန်းပုံနှိပ်တိုက်'
အမှတ်(၉)၊ ရန်ပြေ ၂၂ လမ်း၊
၃ ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀ ၃၇၁၀၂

ဖြန့်ချိရေး - ဟိန်းတောက်ထွန်းစာပေ
အမှတ်(၉)၊ ရန်ပြေ ၂၂ လမ်း၊
၃ ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀ ၃၇၁၀၂

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

သန်းမြင့်ဦး
မကျွတ်သေးသည့် သရဲဝိညာဉ် -
သင်းစာပေ၊ ၂၀၁၄၊ ရန်ကုန်။
၁၂၀- စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မကျွတ်သေးသည့် သရဲဝိညာဉ်

# မကျွတ်သေးသည့်

# သရဲဝိညာဉ်

သန်းမြင့်ဦး

## မာတိကာ


၁။ မကျွတ်သေးသည့် သူရဲဝိညာဉ် ၇

၂။ မေဗ္လာရှင်ရွာမှ လူကြမ်းများနှင့်
မြွေဟောက်ကြီးအန္တရာယ် ၄၉

# မကျွက်သေးသည့် သရဲဝိညာဉ်

သားသမီးများအပေါ်၌ ထားရှိသော မိဘများ၏ မေတ္တာတရားသည် အတိုင်းအဆမဲ့ အင်မတန် ကြီးမားလှပါဘိသည်။ မြင့်မိုရ်တောင်နှင့်လည်း နှိုင်းဆ၍မရ၊ ဝင်လယ်ပြင်ကျယ်ကြီးနှင့်လည်း ပမာတင်စား၍မရပါ။

လွင်လွင်မော်ရဲ့အဖြစ်ကိုပဲ ကြည့်လေ။

သူ့အား ခင်ဗင်သူတွေက သနားစိတ်နှင့်ပေးလိုက်သော အစားအသောက်တွေကို သူတစ်ယောက်တည်း [illegible]

အခါ၌ စေား။ အိမ်မှာ ကျန်ရစ်ခဲ့သည့် ရောဂါသည်ခင်ပွန်း ဖြစ်သူကို မောင်ကျော်သန်းနှင့် လူမမယ်အရွယ် မရောက်သေးသည့် ကလေးသုံးယောက်အတွက် ယူဆောင်လာစမြဲ။

လွင်လွင်မော့်မှာရှိနေသည့် ကလေးသုံးယောက်မှာ ယောကျ်ားလေး နှစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ဖြစ်သည်။ အကြီးဆုံးသားဖြစ်သူ မိုးသူမှာ အသက် ၁၉ နှစ်အရွယ်သို့ ရောက်နေပြီး တစ်နေ့ ၂၀၀၀ စားဖြင့် စာပေတိုက်တစ်တိုက်တွင် အလုပ်ဆင်းနေသူ ဖြစ်သည်။

သို့သော် မိုးသူမှာ လူပျိုပေါက်အရွယ်သို့ ရောက်နေပြီမို့ သူရသည့်ငွေ သူ လောက်ငသည်ပေါ့။ ဟိုဟာဝယ်ရ ဒီဟာဝယ်ရ၊ လမ်းစရိတ်ကုန်ရနှင့် နောက်ဆုံး သားဖြစ်သူဆီက လုပ်စာမရသည့်အပြင် လွင်လွင်မော်က မနက်တိုင်း မနက်တိုင်း ပြန်၍ပေးရသည်ချည်းသာ ဖြစ်သည်။

ဒါကို နာတာရှည်ရောဂါသည်ကြီး ကိုမောင်မောင်သန်းက မြင်မိ၍ တားမြစ်စကား ဆိုလေသောအခါ လှင်ဂျာမော်က စိတ်ဆိုးဒေါသထွက်ပြီး-

"တော်ကလည်းတော် ... တော့်ဖာသာ အေးအေး ဆေးဆေးနေစမ်းရှင် ... ကြားကနေ ဘာလိုက်ပြီး မနာလို တိုရှည် ဖြစ်နေရတာလဲ။ တော် ရှာတဲ့ပိုက်ဆံ မဟုတ်ဘူး။ တော်ရှာတဲ့ပိုက်ဆံ မဟုတ်ဘူး။ ကျုပ်ရှာတဲ့ပိုက်ဆံ ကျုပ် ဖာသာ ကျုပ် ပေးချင်ပေးမယ်၊ ယူချင်ယူမယ်။ ရှင် ဘာမှ ပြောနေစရာမလိုဘူး"

ကိုမောင်မောင်သန်း ဘာမှ မပြောတော့ပါ။ ရစ်ဝဲလာသည့် မျက်ရည်တွေကို အသာသိမ်းရင်း တစ်ဘက်သို့ မျက်နှာလွှည့်နေလိုက်ပါ၏။

အကြီးဆုံးသားဖြစ်သည့် မိုးသူကိစ္စကို ဝင်မပါတော့။ အငယ်ကောင် အောင်သူကျော် တစ်မျိုး။ အတန်းပညာ တတိယတန်းတွင် သင်ကြားနေခိုက်မှာ သူသဘောနှင့်သူ ကျောင်းထွက်လိုက်သည်။ အသက်ကတော့ ဆယ့်လေးနှစ် ရှိနေပြီး အသက်အရွယ်နှင့်မလိုက်အောင်ပင် လူကောင်က ထွားသည်။ ဆေးလိပ်၊ လောင်းကစား၊ ကွမ်းယာ၊ မည် သည့်အရာမှ အလွတ်မပေး။ အဆိုးဆုံးက မုန့်ဖိုးရဖို့

လက်ထဲငွေကလေးရလာလျှင် ဂိမ်းဆိုင်သို့ ပြေး၍ ထမင်းမစား၊ ဟင်းမစား တစ်နေကုန် တစ်နေခန်း ဂိမ်းနှင့် မျက်နှာ အပ်နေတတ်သည်။

"သားရယ် . . .ကစားတာတော့ ကစားတာပေါ့။ ဒါပေမယ့် အလုပ်ကလေးဘာလေးလုပ်ဖို့တော့ စဉ်းစားဦးမှ ပေါ့။ အခုဆိုရင် အိမ်မှာက သားရဲ့အဖေက နာတာရှည် ရောဂါကြီးနဲ့။ သူက စာရေးမှ ပိုက်ဆံရတဲ့ဥစ္စာ။ အခု သူက သူ့ရောဂါနဲ့သူဆိုတော့ ဘယ်မှာ စာရေးနိုင်တော့လို့လဲ။ မိုးသူ ရဲ့လုပ်စာဆိုတာကလည်း သူ့ဟာနဲ့သူတောင် လောက်တာ မဟုတ်ဘူး"

"အဲဒါဆိုရင်လည်း သူ့ကို တခြားအလုပ်အကိုင်လေး ဘာလေး တစ်ခုခုရှာပြီး လုပ်ခိုင်းပါလား မေမေ"

အောင်သူက မိခင်ဖြစ်သူအား အခွန့်တက်လိုက်သေး သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်၊ လူဆိုတာမျိုးက အရွယ်ရောက်လာလို့ရှိရင် အလုပ်နဲ့အကိုင်နဲ့ဆိုတော့ ပိုပြီး

တှင့်တယ်တာပေါ့လေ။ ပြီးတော့ ဒီအိမ်မှာ အားလုံး စည်း စည်းလုံးလုံးနဲ့ အလုပ်လုပ်လိုက်ကြမယ်ဆိုရင်တော့ ရှိနေတဲ့ အခက်အခဲတွေအားလုံး ပြေလည်သွားမှာ အမှန်ပဲလေ။ အခု တော့ အိမ်ကိစ္စကော၊ ငွေရှာတာကော ငါတစ်ယောက်တည်း ဆိုတော့ ဒီဒုက္ခတောက ဘယ်လွတ်ပါတော့မလဲကွယ်... မေမေ့ကို စည်းနည်းလောက်တော့ ငဲ့ညှာဦးမှပေါ့။

"ကဲပါ...မေမေရယ်၊ သားလည်း အလုပ်ရှာနေတာ ပဲ။ အလုပ်ရရင် သား လုပ်မှာပေါ့။ လောလောဆယ်တော့ ကျွန်တော့်ကို မုန့်ဖိုးပေးဦးလေ"

နောက်ဆုံးတော့လည်း လွှင်လွှင်မော်မှာ သားချစ် သည့်ဖောနှင့် သက်ပြင်း ချရက်ချပြီး ငွေတစ်ထောင်တန် တစ်ရွက်ကို ထုတ်ပေးလိုက်တော့သည်။

မည်သို့ပင်ဆိုစေ...

လွှင်လွှင်မော်အဖို့ သားသမီးတွေနှင့်ပတ်သက်လာလျှင် သိယောခဲ့ကြီးသည်။ အနွံအတာ အပြီးခံခြင်း အခံခဲ့သည်။ လွှင်လွှင်မော် အချစ်ရဆုံးသူမှာ သမီးငယ်လေး လွှင်မိုးမြင့်

ဖြစ်သည်။ လွင်မိုးမြင့် အသက်ကိုးနှစ်သာ ရှိသေးသည်။ ကျောင်းနေသော်လည်း ကျောင်းတက်အရွယ်နောက်ကျခဲ့သောကြောင့် သုံးတန်းသာ ရှိသေးသည်။ အမှန်တော့ လွင်မိုးမြင့်သည် ကိုမောင်မောင်သန်းနှင့်ရသည့်ကလေး မဟုတ်ပါ။ ရောင်းများဝယ်များကိစ္စဖြင့် ကိုမောင်မောင်သန်း အင်းစိန်ထောင်တွင်းသို့ ရောက်နေစဉ် လွင်လွင်မော်သည် အားကိုးရှာခဲ့ရာမှ ကိုငယ်လေးဆိုသူကို တွေ့ခဲ့သည်။ ကိုငယ်လေးမှာ လွင်လွင်မော့ထက် အသက်နှစ်နှစ်ခန့် ငယ်သည်။

လွင်လွင်မော်ခမျာ ဘဝပေးကုသိုလ်ကံ ညံ့၍ပဲလား မသိ။ အားကိုးရာရှာလိုက်သော်လည်း အားကိုး၍မရဘဲ လူဖျင်းနှင့် သွား၍တွေ့နေရသည်။ ကိုငယ်လေးသည် အလုပ်ကို မယ်မယ်ရရ ဘာတစ်ခုမှ မလုပ်ဘဲ အိမ်တွင်ပင် အပျင်းခိုနေသည်။ ထို့ထက်မှာမူ ကိုငယ်လေးသည် လွင်လွင်မော် အလုပ်က ပြန်လာသည်နှင့် ငွေကို လက်ဖြန့်တောင်းကာ အရက်ဆိုင်သို့သွား၍ ရေက်မင်းစည်းစိမ် ယူနေပြန်သည်။

လူတစ်ယောက် ဝိုလာခြင်းသာ အဖတ်တင်သည်။

ထမင်းဖိုးဟင်းဖိုးအပြင် ဆေးလိပ်ဖိုး၊ အရက်ဖိုးပါ ပိုရှာရ တော့သည်။ လွှင်လွှင်မော်ခမျာ ကိုယ်ပြုမိသမျှ ကိုယ်ခံရတာ ပဲဟု သဘောပိုက်ကာ ငွေကို ပိုရှာရတော့သည်။ အခါတိုင်း ကိုငယ်လေး မရှိစဉ်က ခုနစ်နာရီလောက်တွင် ပြန်လာနေကျ ဖြစ်သည့် လွှင်လွှင်မော်သည် နောက်ပိုင်းတွင် ကိုးနာရီကျော် ဆယ်နာရီထိုးအချိန်လောက်တွင်မှ ပြန်လာရတော့သည်။ လက်ထဲငွေပါလာသည့်နေ့တွင် မထောင်းတာသော်လည်း ငွေပါမလာသည့်အခါများတွင်မတော့ အိမ်ကနေ ဆီး၍ ကိုငယ်လေးက ဆူပူဟိန်းဟောက်စမြဲ ဖြစ်သည်။

သို့နှင့်...

လှုတ်ရက်စေ့၍ ကိုမောင်မောင်သန်း အိမ်သို့ ပြန်လာ သောအခါတွင်မတော့ ကိုငယ်လေးသည် အိမ်ကနေ လစ်ထွက်သွားတော့သည်။

ကိုမောင်မောင်သန်းခမျာ အိမ်သို့ ပြန်ရောက်လာသော် လည်း ထောင်ထဲကပါလာသည့် သွေးတိုး၊ ဆီးချိုနှင့် လေးဘက်နာရောဂါတို့ကြောင့် မြို့ထဲသို့ မဆင်းနိုင်တော့ဘဲ

နာတာရောဂါသည်ကြီးအဖြစ်နှင့် အိမ်ထဲမှာသာ ခိုအောင်းနေရတော့သည်။

လွင်လွင်မော်ခများမှာတော့ တစ်တက်စားလည်းကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဆိုသည့်သဘောမျိုး မထူးတော့တ်ကိုခင်းကာ နံရင်းနံရင်းဘဝမှာသာ ကျင်လည်မြဲကျင်လည်နေရတော့သည်။

ကိုမောင်မောင်သန်း အပြင်သို့ရောက်ရှိပြီး ခုနစ်လမြောက်တွင် သမီးငယ်လေး လွင်မိုးမြင့်အား မွေးဖွားသည်။ ဤမှာပင် ကိုမောင်မောင်သန်းအဖို့ လွင်လွင်မော်အား ထုတ်ဖော်မေးခွန်းတစ်ခု ရသွားသည်။

"ဒီမှာ လွင်မော်…ငါ လွတ်လာတာ ခုနစ်လပဲရှိသေးတယ်။ ဒီကလေးက ကိုးလနဲ့မွေးတာလို့ လက်သည်က ပြောသွားတယ်။ နောက်ပြီး ငါ အပြင်ရောက်လာပြီးတဲ့နောက်မှာ ငါ့ရောဂါနဲ့ငါဆိုတော့ မင်းနဲ့ ခွဲပြီးအိပ်ခဲ့တာပဲ။ မင်းနဲ့ငါ တစ်ခါမှလည်း မနေခဲ့ဖူးပါဘူး။ ဒါနဲ့တောင်မှ ဒီကလေးက မွေးလာတယ်ဆိုတော့ မဟုတ်မှလွဲရော ဒီ

ကလေးဟာ ငါ့ရဲ့ကလေး မဟုတ်ဘူးမဟုတ်လား။ ငါ့ကို အမှန်အတိုင်း ပြောနော်။ မဝီး ငါ့ကို ဘာမှလိမ်ညာဖို့ ကြိုးစား မနေနဲ့"

ဒီတော့လည်း လွင်လွင်မော်သည် ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီး အဖြစ်မှန်ကို တင်ပြသည်။

"ရှင့်ကို ကျွန်မ အမှန်အတိုင်းပဲ ပြောတော့မယ်။ ရှင် မရှိတော့တဲ့ ကျွန်မတို့အားလုံး အရမ်းကို ဒုက္ခရောက်ကုန် ကြတယ်။ စားရမဲ့သောက်ရမဲ့တွေ ဖြစ်ကုန်တယ်။ အဲဒီမှာ အားကိုးစရာရှာရင်း ကိုငယ်လေးနဲ့ တွေ့တာပဲ။ အဲဒါ ဒီကလေးဟာ ကိုငယ်လေးနဲ့ရတဲ့ကလေးပဲ၊ ဒီ့အတွက် ရှင် ကျွန်မကို အပြစ်တင်ရင်လည်းတင်၊ သတ်ချင်ရင်လည်း သတ်ပေါ့ရှင်"

သို့သော် ကိုမောင်မောင်သန်း သဘောထားကြီးခဲ့ပါ သည်။ ထိုကလေးအား သူ့သမီးအရင်းကဲ့သို့ပင်ချစ်တော မိုးမွေးသလို မွေးမြူခဲ့ရာ လွင်မိုးမြင့်မှာ ကိုးနှစ်သမီးအရွယ် သို့ပင် ရောက်ခဲ့ရတော့သည်။

သို့နှင့်အမျှ…

လွင်လွင်မော်တွင်လည်း သောကကျိုးတကာနှင့် နေ့စဉ်အဆက်အစပ် ပြုနေရသောကြောင့် ရောဂါဆိုးကြီးကလည်း ကပ်ပါလာခဲ့တော့သည်။ နဂိုက ဝဝဖြိုးဖြိုးနှင့် ကြည့်ကောင်းလှသည့် လွင်လွင်မော်မှာ တစ်နေ့တခြား ပိန်လိုက်လာကာ အသားအရေမှာလည်း ခြောက်ခန်းလာတော့သည်။ လွင်လွင်မော်သည်လည်း သူ့အခြေအနေကို သူ ကောင်းစွာ ရိပ်စားမိလိုက်သည်။ သို့မို့ကြောင့်လည်း လွင်မိုးမြင့်နှင့်စပ်လျဉ်း၍ စိတ်မချနိုင် ဖြစ်ခဲ့ရာမှ–

"ဒီမှာ ကိုမောင်မောင်သန်း…ကျွန်မတော့ ရှင်တို့နဲ့ ကြာကြာနေရတော့မယ် မထင်ဘူး။ ကျွန်မ မရှိတော့တဲ့အခါကျရင် လွင်မိုးမြင့်လေးကို ရှင့်ရဲ့သမီးအရင်းမဟုတ်လို့ ရိုက်တာတို့၊ ဆူတာငေါက်တာတို့ မလုပ်လိုက်ပါနဲ့ရှင်။ ကျွန်မရှိနေတုန်းကအတိုင်းပဲ သူ့ကို ဂရုတစိုက်နဲ့ ပြုစုပျိုးထောင်ပေးပါနော်။ အကြီးကောင်ကြီးတွေအတွက် စိတ်ချပေမယ့် သူ့အတွက်တော့ ကျွန်မ စိတ်မချနိုင်ဘူးရှင်။ လွင်မိုးမြင့်လေး

အဲဒေါ့မှာ အပြစ်မြင် နိုလည်း မရက်စက်လိုက်ပါနဲ့။ တတ်နိုင်သမျှ သည်းခံပေးပါနော်"

အားငယ်စွာ စိတ်မချနိုင်စွာ တတွတ်တွတ် မှာကြားနေသည့် လွင်မိုးပြင့်ကိုကြည့်ပြီး ကိုမောင်မောင်သန်း စိတ်မကောင်းကြီးစွာဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်ခဲ့မိပါ၏။

တစ်ခုတော့ ထူးဆန်းသည်။ ကျန်းမာရေးချုချာနေသည်ကို မောင်မောင်သန်း၏ကျန်းမာရေးအခြေအနေမှာ တစ်စတစ်စဖြင့် ကောင်းမွန်လာပြီး ကုမ္ပဏီတစ်ခုတွင် ညစောင့်အဖြစ် လုပ်နိုင်လာသည်အထိ အခြေအနေ တိုးတက်ကောင်းမွန်လာသည်။

ထို့အတူ…

လွင်လွင်မော်မှာလည်း ကျန်းမာရေး တစ်စတစ်စ ညှိုးဖျော့လာရာက အလုပ်ကို နေမနား ညမနား ကြိုးစားလုပ်ကိုင်တော့သည်။ လွင်လွင်မော် အိမ်သို့ပြန်လာနေကျအချိန်သည် အခါတိုင်းနေ့တွေထက် ပိုစွဲနောက်ကျလာသည်။ အိမ်သို့ပြန်ရောက်ပြီဆိုလျှင်လည်း အမင်းမစား ဟင်းမစား

အိမ်ရာသို့ တန်းမဝင်သေးဘဲ အိမ်နောက်ဘက်ရှိ အုန်းပင်ကြီး ခြေရင်းတွင် တစ်နာရီ နှစ်နာရီခန့် သွား၍ ထိုင်နေတတ်သည်။

ထိုကဲ့သို့ လွင်လွင်မော် ထူးထူးဆန်းဆန်း ပြုမူနေတတ်သည်ကို အိမ်သားတွေ အစပိုင်း၌ မည်သူမျှ သတိမထားမိကြပေ။ တစ်နေ့ ကိုမောင်မောင်သန်း ခွင့်ဖြင့် အိမ်သို့ ပြန်ရောက်စဉ် လွင်လွင်မော်၏ ထူးထူးဆန်းဆန်း ပြုမူနေသည့်အပြုအမူကို သတိပြုမိသွားတော့၏။

"ဒီမှာ လွင်မော်…မင်း အဲဒီအုန်းပင်ကြီးရဲ့ခြေရင်းမှာ ဘာသွားထိုင်လုပ်နေတာလဲ။ မှောင်ကြီးမည်းကြီးထဲမှာ မြွေပါးကင်းပါးကို မကြောက်ဘူးလား"

စိုးရိမ်တကြီးဖြင့် မေးလာသည့် ကိုမောင်မောင်သန်း၏မျက်နှာကို လွင်လွင်မော် မျက်လွှာပင့်၍ ကြည့်နေရုံမှအပ ရှုတ်မှတော့ အဖြေမပေးခဲ့ချေ။ ထို့နောက် ကိုမောင်မောင်သန်းကို ကျော်၍ အိပ်ရာထဲသို့ တန်းဝင်သွားတော့သည်။ ကိုမောင်မောင်သန်းမှာသာ စိတ်ထဲတွင် ဇဝေဇဝါဖြစ်ရင်း

ချန်ရစ်ခဲ့သည်။

လွင်လွင်မော်၏ ကျန်းမာရေးအခြေအနေသည် တစ်နေ့တခြား ဆိုးရွားလာသည်။ လူမှာ ပိန်သည်ထက် ပိန်လာသည်။ သားသမီးချစ်သည့်စိတ်ကြောင့် အလုပ်သွားဆင်းနေရသော်လည်း လူမှာ ကမ္ဘောန်းရုပ်ပေါက်လာသည်။ အစားအသောက် ပျက်လာသည်။

"မင်းကိုယ်မင်းလည်း သတိထားဦး လွင်မော်။ တစ်နေ့တခြား ကမ္ဘောန်းရုပ်ပေါက်လာပြီ။ ကလေးတွေအတွက်ချည်းပဲ သိပ်ပြီး ဦးစားပေးမနေနဲ့။ မင်းကိုယ်မင်းလည်း စားနိုင်သောက်နိုင်အောင် ကြိုးစားဦး။ မင်း စားနိုင်သောက်နိုင်ပြီး သွားနိုင်လာနိုင် အလုပ်လုပ်နိုင်မှ မင်းရဲ့ ကလေးတွေကို မင်း ပြန်ပြီးကြည့်နိုင်မှာပေါ့"

ကိုမောင်မောင်သန်းက ဂရုဏာဒေါသောဖြင့် သတိပေးစကားဆိုပေမယ့် ခေါင်းမာလွန်းလှသည့် လွင်လွင်မော်သည် မျက်တောင်နှီကြီးဖြင့် ကြည့်ခဲ့ရာမှ–

"ရှင်ဟာလေ...ရှင်ကိုယ်တိုင်ကလည်း ရှင့်သားသမီး

တွေကို ကောင်းကောင်းမွန်မွန်နဲ့ ဝဝလင်လင်နဲ့ မကျွေးနိုင်ဘူး။ ဟော---ကျွန်မက ကျွေးပြန်တော့ ရှင်က လိုက်ပြီး တားဆီးတဲ့စကားတွေ ပြောနေသေးတယ်။ အဲဒါ ဘာမှ မဟုတ်ဘူး။ ရှင်က ကလေးတွေအပေါ်မှာ မနာလိုဖြစ်နေတာပဲ။ ရှင် ဘာမှငြင်းဆန်ဖို့ မကြိုးစားပါနဲ့။ ရှင့်အကြောင်းကို ကျွန်မ ကောင်းကောင်းကြီး သိပါတယ်နော်...ဟွန်း"

ဒီတော့လည်း ကိုမောင်မောင်သန်းသည် နောက်ထပ် ဘာစကားမှ ထပ်မပြောတော့ဘဲ အသာနှုတ်ပိတ်နေလိုက်ပါတော့၏။

မောင်းလွန်းသည့်ကားအမျက်မြန်ဆိုသလိုပင် ကိုယ့်ချစ်ရေးကို ကိုယ်အလေးမထားဘဲ အလုပ်ထဲမှာချည်းပဲ အာရုံထားနေသည်။ လွှင်လွှင်မော်သည် နောက်ဆုံးတော့လည်း အိပ်ရာထဲ ဘုန်းဘုန်းလဲရသည့်အခြေအနေသို့ ဆိုက်ရောက်သွားရပါတော့၏။ အိပ်ရာနှင့်ကျောပြင် တစ်သားတည်းကျနေပြီး အိမ်သာသို့တောင်း မသွားနိုင်တော့။ နေရာတွင်ပင် ချီးပါသေးပေါက်ကာသို့ ဆိုက်ရောက်သွားတော့၏။

လွှင်လွှင်မော်အဖို့ သူ အင်မတန်မှ ချစ်ပါသည်ဆိုသည့် သားနှစ်ယောက်သည် အိပ်ရာထဲလဲနေသည့် သူ့အား သိပ်ပြီး အရေးမထားပါလေတော့။ သမီးငယ်လေး လွှင်မိုးမြင့်က တော့ မဆိုးပါ။ ရေသောက်ချင်လျှင် ရေခပ်ပေးသည်။ အစား အသောက်စားလိုလျှင် အစားအသောက် ဖန်တီးပေးသည်။ အစစအရာရာ ဖန်တီးလုပ်ဆောင်ပေးနေသည့် သမီးငယ် လေးကိုကြည့်ပြီး လွှင်လွှင်မော်ခမျာ ဝမ်းသာဝမ်းနည်းဖြစ် ကာ မျက်ရည်တလည်လည်နှင့် ရှိနေရသည်။

"သမီးလေး..၊ မေမေ မရှိတော့လို့ရှိရင် သမီးရဲ့ အစ်ကိုတွေနဲ့ တည့်အောင်နေနော်။ လိမ်လိမ်မာမာလည်း နေနော်"

"ဟင့်အင်း...ဟင့်အင်း...မေမေ မသေရဘူး။ မေမေ ဘာမှမဖြစ်ရဘူး။ မေမေသေရင် သမီးပါ လိုက်ပြီး သေမှာပဲ"

လွှင်မိုးမြင့်ခမျာ မိခင်ဖြစ်သူကို ဖွေဖက်ရင်း အဆက် မပြတ် ငိုတော့သည်။ လွှင်လွှင်မော်မှာလည်း မျက်ရည်ဖြိုင်

ဖြိုင် ကျရတော့သည်။

ကြာလေလေ လွင်လွင့်မော်၏ရောဂါအခြေအနေက ပိုလို့ဆိုးလာသည်။ နောက်ဆုံး ဆေးရုံတင်လိုက်ရသည်။ လွင်လွင့်မော်၏ရောဂါအခြေအနေမှာ ပြင်းထန်လွန်းသောကြောင့် ကျူးစက်ရောဂါဆေးရုံဆီသို့ လွှဲပြောင်းရောက်ရှိသွားရသည်။

"သမီးလေး လွင်မိုးမြင့်ကို ဂရုစိုက်ပါနော်။ အိမ်ကိုလည်း မရောင်းလိုက်ပါနဲ့နော်။ ကလေးတွေအတွက်ပဲ ထားပါနော်။ ကျွန်မ သေသွားလို့ရှိရင် ရှင် ကျွန်မကို မေ့သွားမှာလားဟင်"

မှာစရာရှိသည်တို့ကိုလည်း အဆက်မပြတ် မှာကြားသည်။ သူ မရှိတော့သည့်နောက်ပိုင်းတွင် ကျန်ရစ်ခဲ့မည့် သားသမီးတွေအတွက်လည်း နောက်ဆုံးတင်းနေပုံရသည်။ အထူးသဖြင့် လွင်မိုးမြင့်နှင့်စပ်လျဉ်း၍ စိုးရိမ်စိတ်လွန်ကဲနေပုံရသည်။ အိမ်ရောင်းပြီး ကလေးတွေအား ပစ်ပယ်လိုက်မှာကိုလည်း [illegible]ကြိုနေပုံရသည်။

"မင်းရဲ့စိတ်ထဲမှာ ဘာမှဖြစ်မနေနဲ့။ ဘာသံသယမှ လည်း ထားမနေနဲ့။ ကိုယ့်ကိုယ်ကို ကျန်းမာဖို့သာလုပ်၊ ဒါ ဒီလောက် လူမဆန်တဲ့သူ မဟုတ်ဘူးဆိုတာကို မင်းလည်း သိသွားနဲ့ကွာ။ အလကားနေရင်း စိုးရိမ်စရာမရှိတာတွေ လျှောက်ပြီး စိုးရိမ်မနေစမ်းပါနဲ့လေ"

ကိုမောင်မောင်သန်းသည် အားပေးစကားသာ ပြော လိုက်ရသည်။ စိတ်ထဲမှာတော့ သိပ်မကောင်း။ သူနှင့် ပေါင်းဖက်ခဲ့သည့် လွင်လွင်မော်မှာ ငယ်ချစ်ဖြစ်နေသော ကြောင့် ယခုလိုပုံစံမျိုးနှင့် မြင်တွေ့လိုက်ရသည့်အခါ ရင်ထဲ မှာ မချိတင်ကဲ ဖြစ်သွားမိသည်အမှန်။ အရင်တုန်းက ဝဝဖြိုး ဖြိုး စိုစိုပြည်ပြည်နှင့် လူတကာ နှစ်ခါပြန်ကြည့်ရလောက် အောင် ချောမောလှပလွန်းလှသည့် သူ့မိန်းမ လွင်လွင်မော် သည် ယခုတော့လည်း အရိုးဂေါက်ဂက်နှင့် မျက်တွင်း ဟောက်ပက်နှင့် ပါးရိုး၊ နားထင်ရိုးတွေကျလို့၊ ဝတ်ထား သည့် အဝတ်အစားအောက်မှ ကိုယ်ခန္ဓာမှာလည်း အသားရေ မရှိသလောက် အရိုးပေါ်အရေတင်နေသည်။

စိတ်မသက်သာစရာမှ တကယ့်ကို စိတ်မသက်သာစရာပါ။

ဆေးရုံတင်သည့်နေ့တွင်ပင် လှိုင်လှိုင်မော်သည် သတိလစ်မေ့မြောသွားသည်။ ဆရာဝန်ဆရာမတွေက အသက်ကယ်ဆေး ထိုးပေးသည်။ ဂလူးကို့စ်များကို တစ်ပုလင်းပြီး တစ်ပုလင်း ချိတ်ဆွဲပေးသည်။

ကိုမောင်မောင်သန်းမှာလည်း နားနေအိပ်စက်၍မရပါလေတော့။ ခုတင်ဘေးက ထိုင်ခုံတွင် ထိုင်ပြီး ဇနီးဖြစ်သူအား တရုံမလပ် စောင့်ကြည့်နေရသည်။ အသက်ရှူရပ်သွားမှာကိုလည်း စိုးကြောက်နေရသည်။

လှိုင်လှိုင်မော်မှာလည်း သူ့ကိုယ်သူပင် ဘာဖြစ်လို့ ဖြစ်မှန်းပင် သိပုံမရပါလေတော့။ ခုတင်ပေါ်တွင်ပင် သေးပေါက်ချသည်။ ချီးပါချသည်။ ကိုမောင်မောင်သန်းမှာ အဝတ်အစားတွေကို တစ်ထည်ပြီးတစ်ထည် လဲပေးနေရသည်။ ချီးအဝတ်ရယ်၊ သေးအဝတ်ရယ်လို့လည်း အမှတ်မထားနိုင်တော့။ ရှုရကောင်းမှန်းလည်း မသိတတ်ပါလေ

တော့။

လွင်လွင်မော်သည့် ဆေးရုံသို့ ရောက်ပိုင်း လုံးဝ သတိ လည်လာခြင်း မရှိပါလေတော့။ သို့နှင့် နှစ်ရက်မြောက်ကို ကျော်လွန်ကာ တတိယမြောက်နေ့သို့ ရောက်ရှိလာသည်။

နှစ်ရက်လုံးလုံး နားနေအိပ်စက်ခြင်းမပြုခဲ့ရသည့် ကိုမောင်မောင်သန်းသည် ပင်ပန်းသည့်ဒဏ်ကို မခံနိုင်တော့ ဘဲ နှီးစပ်ရာ ခုတင်တစ်လုံးပေါ်တွင် ထက်၍ ခြေပစ်လက် ပစ် အိပ်စက်လိုက်မိသည်။ ခုတင်ပေါ်တက်လှဲလိုက်သည်နှင့် တုံးကနဲ အိပ်မောကျသွားတော့သည်။

မည်မျှကြာအောင် အိပ်မောကျသွားမိသည် မသိ။ တစ်စုံတစ်ယောက်က သူ့ကိုယ်ကို လှုပ်နှိုးနေသောကြောင့် လည်း ဆတ်ကနဲ လန့်နိုးသွားလေသည်။ မျက်လုံးအစုံကို ဖွင့်လိုက်မိသည်နှင့် လွင်လွင်မော်၏ ခုတင်ဘေးမှ လူနာရှင် ဖြစ်နေသည်။

“အစ်ကို…အစ်ကို…အစ်ကို…လူနာကိုလည်း သွားကြည့်ဦး။ အသက်မှရှင်သေးရဲ့လား မသိဘူး။

အသက်ရှူတာ မတွေ့ရတော့ဘူး။ သူ့ကိုယ်မှာ ချိတ်ထားတဲ့ ဂလူးကို့စ်ဆေးရည်ကလည်း အောက်ကို မဆင်းတော့ဘူးဗျ"

"ဟင်"

ထိုသူ့စကားကြောင့် ငယ်ထိပ်မြွေပေါက်ခံရသလို ခံစားလိုက်ရသည်။ တစ်ကိုယ်လုံး ပူပူထူထူကြီး ဖြစ်သွားပြီး လွင်လွင်မော်နှတင်ဘေးသို့ ပြေးကပ်ပြီး ရင်ဘတ်ကို လက်ဖြင့် အသာစမ်းသပ်ကြည့်လိုက်မိသည်။

အတက်အကျ စိုးစဉ်းမျှ မရှိပါလေတော့။

လုံးဝ ငြိမ်သက်နေပြီဖြစ်သည်။

လုံးဝ အသက်ရှူရပ်သွားပြီဖြစ်သည်။

လွင်လွင်မော် သေဆုံးသွားပြီဆိုသည့်အသိက သူ့တစ်ကိုယ်လုံးကို ကိုင်လှုပ်ပစ်လိုက်သလို ရှိသည်။ နွေခေါင်ခေါင် မိုးကြိုးအပစ်ခံလိုက်ရသလို လျှော်တွေလှုပ်ပြီး ကမ္ဘာကြီးတစ်ခုလုံး ပြိုကွဲပျက်စီးပြီး လွင့်စင်ထွက်သွားသလို ခံစားလိုက်ရသည်။

ဝိညာဉ်မှ လွင်လွင်မော်၏ ခန္ဓာကိုယ်ပေါ် ရျက်မှာ တင်ပြီး ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးလိုက်မိသည်။ နှုတ်မှ လည်း အဆက်မပြတ် ရေရွတ်နေမိသည်။

"လွင်မော်ရယ်...အဖြစ်ဆိုးလှချည်လား။ ဘာဖြစ်လို့ ငါ့ထက်အရင် သေသွားရတာလဲကွာ။ မင်းဝဲ မေးခဲ့တယ်လေ။ အစ်ကို မရှိတော့လို့ရှိရင် ဒီကလေး သုံးယောက်နဲ့ လွင်မော် ရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားရ မလဲလို့လေ။ အခုတော့ မင်းက အရင်ထွက်သွားပြီး ငါ့ကို ကလေးသုံးယောက်နဲ့ ထားခဲ့ရသလားကွာ။ ငါ ဒီကလေး သုံးယောက်နဲ့ ဘယ်လိုနေရမလဲကွာ"

သူ ငို၍အားမရသေးခင်မှာပင် တာဝန်ကျဆရာမနှင့် သန့်ရှင်းရေးအလုပ်သမား ရောက်လာသည်။ အေးစက် တောင့်တင်းနေသည့် လွင်လွင်မော်၏ ခန္ဓာကိုယ်ကြီးကို စောင်ဖြင့် ထွေးပတ်သည်။ ပြီးသည်နှင့် လွင်လွင်မော်၏ ရုပ်အလောင်းကို လူနာတင်လက်တွန်းလှည်းပေါ်တင်၍ ရေခဲတိုက်ထဲသို့ ပို့ဆောင်ပေးရသည်။

ညတွင်းချင်းပင် နီးစပ်ရာ ဆွေမျိုးသားချင်းများထံသို့ ပြေး၍အကြောင်းကြားရသည်။ ကိုမောင်မောင်သန်း လမ်းပေါ်ရောက်သွားသည့်အချိန်တွင် လူအများ ဟက်ပီး နယူးရီးယား နှစ်သစ်ကူးသည့် အချိန်အခါသမယနှင့် သွား၍ ကံကြုံကြိုက်တိုက်ဆိုင်နေသည်။

နှစ်သစ်ကူးသောကြောင့် လမ်းပေါ်၌ လူအများ သောက်စားပျော်မြူးနေကြသည်။ ထိုအချိန်တွင် ကိုမောင်မောင်သန်း၏ရင်ထဲမှာတော့ မီးကျီးခဲကြီး မျိုသိပ်ထားရသလို ပူစပ်ပူလောင် ဖြစ်နေသည်။ သူ့ရင်မှာရှိသမျှ အသည်းနှလုံးတွေအားလုံး မြေပြန့်သွားသလို ခံစားရသည်။ အများတကာ ပျော်မြူးနေကြသည့်အချိန်တွင် သူ့မှာတော့ ဝမ်းနည်းကြေကွဲမှုကို အပြည့်အဝ ခံစားနေရသည်။

* * *

## အခန်း (၂)

လွှင်လွှင်မော်အား လိုက်ပါပို့ဆောင်ကြသည့်သူများမှာ သိပ်များများစားစား မရှိလှပါ။ လွှင်လွှင်မော်၏ဆွေမျိုးသားချင်းလောက်သာ လိုက်လံပို့ဆောင်ခြင်းပြုနိုင်သည်။

လွှင်လွှင်မော်၏အလောင်းကို သယ်ဆောင်ရာ နိဗ္ဗာန်ယာဉ်ကားပေါ်၌ ကိုမောင်မောင်သန်းနှင့်အတူ လွှင်လွှင်မော်၏အစ်ကိုဖြစ်သူ ကျော်စံလင်းတို့က လိုက်ပါသည်။ ဆွေမျိုးသားချင်းပါရှိသည့် တစ်စီးတည်းသောကားကတော့ နိဗ္ဗာန်ယာဉ်ကားနောက်ကနေ လိုက်ပါလာသည်။

လွင်လွင်မော်ရုပ်အလောင်းပါရှိသည့် ခေါင်းတလား ကြီးကို လက်ဖြင့် စုံကိုင်ထားရင်း တစ်လမ်းလုံး ငိုကြွေးလာခဲ့မိသည်။ လွင်လွင်မော် အသက်ရှင်စဉ်အခါက သွားခဲ့လာခဲ့ နေခဲ့တိုင်ခဲ့ ချစ်ခဲ့နမ်းခဲ့သည်များကို ပြန်ပြောင်းသတိရရင်းရင်မှာ မဖော်ပြတတ်နိုင်လောက်အောင်ပင် ဆို့နင့်ကြေကွဲနေမိသည်။

လွင်လွင်မော် ကံကောင်းပါသည်။

အလောင်းပါ ... သုသာန်သို့ရောက်သည်နှင့် မတုံ့မဆိုင်းပင် ကားကို မီးသင်္ဂြိုဟ်စက်များသို့ ရောက်ဖင် တိုးခိုင်းသည်၊ ထို့နောက် ချက်ချင်းပင် ခေါင်းတလားကြီးကို မီးသင်္ဂြိုဟ်စက်ထဲသို့ သွင်းလိုက်သည်။

ကိုမောင်မောင်သန်းတို့သားအဖတွေ သုသာန်သင်္ဂြိုဟ်စက်ကို ထွက်ခွာလာသည့်အချိန်မှာပင် လွင်လွင်မော်အား မီးရှို့ရာမှ ထွက်လာသည့် မီးခိုးငွေ့ဖြူဖြူတို့က မီးခိုးခေါင်းတိုင်မှတစ်ဆင့် ကောင်းကင်ပြင်ဆီသို့ တိုးတက်နေဆဲပင်။

"မင်းတို့အမေတော့ မရှိတော့ဘူး၊ သူ့ အိမ်မတန်

ချစ်ပြီး သံယောဇဉ်ကြီးတဲ့ မင်းတို့ကို ထားသွားပြီ။ သူ မရှိတော့တဲ့နောက်ပိုင်း မင်းတို့ လိမ္မာကြဖို့လိုတယ်။ မင်းတို့ အမေအတွက် ဘဝကူးကောင်းအောင်လို့ ကောင်းမှုကုသိုလ် တွေ များများလုပ်ပေးဖို့ လိုတယ်လေ"

ကိုမောင်မောင်သန်းက ကျန်ရစ်ခဲ့သည့် သားသမီး သုံးယောက်ကို ဆိုဆုံးမသည်။ မိုးသူနှင့်အောင်သူက ဘာမှ မပြောသော်လည်း လွင်မိုးမြင့်ကတော့မှု မျက်ရည်လေး တစမ်းစမ်းနှင့်–

"သမီးတို့ဆီကို မေမေ ဘယ်တော့မှ ပြန်မလာတော့ ဘူးပေါ့နော်။ သမီး မေမေနဲ့ အရမ်းကို တွေ့ချင်တာပဲ မေမေ ရယ်"

လွင်မိုးမြင့်၏စကားကြောင့် ကိုမောင်မောင်သန်း၏ ရင်မှာ နင့်ကနဲ ဖြစ်သွားသည်။ မျက်လုံးအိမ်ထဲမှာ မျက်ရည် ကြည်များပင် ရစ်ဝဲလာရသည်။ သမီးငယ်မလေးခေါ်အောင် တစ်ဘက်သို့လှည့်၍ လက်ခုံဖြင့် မျက်ရည်ပူများကို တို့သုတ် လိုက်မိသည်။

မိသားစုတစ်စုတွင် လူတစ်ယောက်မရှိတော့ ... လွတ်ဟာနေသည့် ကွက်လပ်ကြီးတစ်ခုလို ဖြစ်ရ ... ရသည်မှာ အမှန်ပင်။

သူတို့ အိမ်သို့ရောက်၍ အိမ်ထဲသို့ရောက်၍ ထိုင်ချလိုက်မိသည်တိုင် အမောက မပြေပျောက်သလို ခံစားရသည်။ သွားသွားလာလာ လှုပ်လှုပ်ရှုံးရှား ရှိနေတတ်သည့် လွင်လွင်မော်၏ အရိပ်အမရောင်တွေကို ပြန်လည်မြင်ယောင်ပြီး ရင်မှာ ဝမ်းပနန်းတ ... ခံစားရသည်။

အသက်ရှင်နေစဉ်တုန်းက သိပ်ပြီး မခင်တွယ်မိသော်လည်း ကွယ်လွန်သွားသည့်နောက်ပိုင်းမှာတော့ နှမြောတသရခြင်းနှင့် ယူကျုံးမရခြင်းတို့ကို ခံစားနေရသည်။

သို့ရာတွင် ကလေးသုံးယောက်က မောကြီးပန်းကြီးနှင့် အိပ်နေနိုင်ပေမယ့် ကိုအောင်မောင်သန်းကတော့ စိုးစဉ်းမျှ အိပ်၍မရပါ။ ပြန်လာတော့မည်မဟုတ်မှန်း သိနေပေမယ့် ဖွင့်ထားသော တံခါးမှတစ်ဆင့် အပြင်ဘက်သို့ကြည့်ပြီး လွင်လွင်မော်ကို မျှော်နေမိသည်။

လေတိုးသောကြောင့် သစ်ရွက်များ ပြေးလွှားယှက် တိုက်သံကိုပင် လွင်လွင်မော်၏ခြေသံအလား မှတ်ထင်ပြီး မကြာခဏ ခေါင်းထောင်ကြည့်မိတတ်သည်။

သို့နှင့်…

လွင်လွင်မော်နှင့်ပတ်သက်၍ ရက်လည်ဆွမ်း၊ လပတ် ဆွမ်းသွတ်ကိစ္စအဝဝတို့ ပြီးစီးသွားသည်။

လပတ်ဆွမ်းသွတ်ပြီးစီးသွားသည့်နောက် သုံးရက် မြောက်နေ့တွင် အိမ်၌ ထူးခြားချက်တစ်ခုက ဖြစ်ထွန်းလာ သည်။ ကိုမောင်မောင်သန်း အလုပ်မှအပြန် အိမ်သို့အဝင်မှာ ပင် ငွေစက္ကူများကို ထိုင်၍ ရေတွက်နေသည့် လွင်မိုးမြင့် အား မြင်တွေ့လိုက်ရသည်။ ငွေစက္ကူတွေက တစ်ထောင် တန်တွေချည်း ဖြစ်သည်။ အားလုံး ထောင်ရွက်လောက်ရှိ မည်ဟု ခန့်မှန်းရသည်။

"သမီး…သမီး ဒီပိုက်ဆံတွေကို ဘယ်ကနေရလာ ကားပဲဟင်…ဒီပိုက်ဆံတွေကို ဘယ်သူ ပေးတာလဲဟင်"

လွင်မိုးမြင့်သည် ဟေးလွင် ထိုင်ချပြီး အခေါတကော

မေးလာသည့် ဖခင်ဖြစ်သူ ကိုမောင်မောင်သန်းအား မျက်လွှာလေး အထက်လှန်ကြည့်လျက် ထူးဆန်းအံ့သြဖွယ်ရာစကားကို ဆိုလာပါ၏။

"ဒီပိုက်ဆံတွေကို သမီးရဲ့မေမေက ပေးတာပေါ့ ဖေဖေရဲ့။ ဒါကြောင့် ဒီလောက်အများကြီးရတာပေါ့"

ကိုမောင်မောင်သန်းသည် စိတ်ရှုပ်ထွေးသွားသည်။ မျက်မှောင်ကိုသာ ကြုတ်လိုက်မိလျက်–

"ဒီမှာ သမီး…ပေါက်ကရစကားတွေ လျှောက်ပြီး ပြောမနေစမ်းနဲ့။ သမီးရဲ့အမေက သေသွားပြီပဲဥစ္စာ။ သေပြီးလို့ပဲ မီးတောင်သင်္ဂြိုဟ်ပြီးတဲ့ဥစ္စာ။ ဘုန်းကြီးတွေတောင်ပင့်ပြီး ပရိတ်တရားတွေဘာတွေတောင် နာပြီးတဲ့ဥစ္စာ။ အခု သမီးဆီကို ဘယ်ကအမေက ရောက်လာရပြန်တာလဲ"

"မဟုတ်ဘူး ဖေဖေ…ညတုန်းက သမီး အိပ်နေတုန်း သမီးရဲ့အိပ်မက်ထဲကို မေမေ ရောက်လာတယ်။ ပြီးတော့ မေမေက ပြောတယ်။ သမီးအတွက် မေမေ ပိုက်ဆံတွေ အများကြီး စုထားတယ်တဲ့။ ပိုက်ဆံတွေ စုထားတဲ့

အဲဒီနေရာကို မေမေ ပြောပြမယ်တဲ့။ မေမေ ပြောပြတဲ့နေရာမှာ သမီး သွားပြီးရှာလို့ရှိရင် သမီးအတွက် ပိုက်ဆံတွေ အများကြီးရလိမ့်မယ်တဲ့။ ပြီးတော့ မေမေက ပြောသွားသေးတယ် ဖေဖေရဲ့"

လွင်မိုးမြင့်သည် စကားကို အဆုံးမသတ်သေးဘဲ ရပ်ထားပစ်သည်။ ဖခင်ဖြစ်သူ၏မျက်နှာကိုလည်း မရဲတရဲ လှမ်း၍ကြည့်သည်။ ရှေ့ဆက်ရမည့်စကားကို ပြောသင့် မပြောသင့် ချင့်ချိန်တွက်ဆနေပုံရသည်။

"ပြောလေ သမီး...ပြီးတော့ သမီးအမေက ဘာပြောသွားသေးလဲ"

ကိုမောင်မောင်သန်းက စကားဆက်ပေးလိုက်သည်။

[illegible] လွင်မိုးမြင့်သည် အသက်ကို ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး-

"မေမေ ပြောသွားတာက ဒီအကြောင်းတွေကို ဖေဖေကလွဲလို့ တခြားဘယ်သူ့ကိုမှ ပြန်မပြောပြရဘူးတဲ့။ ဒြော်...ပြီးတော့ ပိုက်ဆံတွေရှိနေတဲ့နေရာကိုလည်း ဖေဖေ့

ကိုတောင် မပြုရဘူးတဲ့လေ။ အဲဒါ ဘာဖြစ်လို့လဲ မသိဘူး နော် မေမေ"

လွင်လွင်မော်သည် အစွဲအလမ်းကြီးသူ ဖြစ်သည်။

အထူးသဖြင့် ကျန်ရစ်ခဲ့သည့် သားသမီးများထဲ၌ လွင်မိုးမြင့်အပေါ်တွင် အစွဲအလမ်းကြီးသူ ဖြစ်သည်။

သူ ကွယ်လွန်သွားသည့်နောက်တွင် လွင်မိုးမြင့်၏ နောင်ရေးအတွက် အရေးမိကို နောက်ဆုံတင်းသွားခဲ့သည်မှာ လည်း အမှန်ပင်။

သို့မို့ကြောင့်လည်း…

လွင်မိုးမြင့်၏ နောင်ရေးအတွက် မိမိတို့မသိအောင် ရတတ်သမျှ ငွေရေးကြေးရေးကို စုစုဆောင်းဆောင်းပြုပြီး အကွယ်တစ်နေရာတွင် ဝှက်သိမ်းသွားခဲ့ပုံရသည်။

ထို့နောက်တွင်မှ သမီးဖြစ်သူ လွင်မိုးမြင့်အား အိပ်မက်ပေးကာ ငွေရှိသည့်နေရာကို နတ်လမ်းညွှန် လုပ်သွား ခဲ့ပုံပေါ်သည်။

အဖြစ်နိုင်ဆုံးကတော့ လွင်လွင်မော်သည် အသက်

ပင်သေသွားသော်လည်း လွတ်လွတ်ကျွတ်ကျွတ် ဖြစ်သွားသေးပုံမပေါ်ပါ။

မိမိတို့၏ခြံထဲရှိ တစ်နေရာရာတွင် အစောင့်အရှောက် တည်တည်ပဲပြောမည်ဆိုလျှင် ဝိညာဉ်သရဲမအဖြစ်ရှိနေဆဲ ဖြစ်ပုံရသည်။

သည့်နှယ်ပင် လွင့်လွင်မော်နှင့်စပ်လျဉ်း၍ ကိုမောင်မောင်သန်း ယူဆတွက်ဆမိလိုက်ပါ၏။

"သမီး ဒီပိုက်ဆံတွေကို ဘယ်နေရာကနေရလာတာလဲဟင်...နောက်ထပ် ပိုက်ဆံတွေကော ရှိသေးလားဟင်"

မိမိအနေဖြင့် ထိုငွေများကို မလိုချင်သော်လည်း အခြားတစ်ပါးတစ်ဦး ကောက်ရယူသွားမည်စိုးသောကြောင့် ကြိုတင်ထိန်းသိမ်းထားလိုသည့်သဘောဖြင့် လွင်မိုးမြင့်အား နေရာအတိအကျကို မေးလိုက်ခြင်းပဲ ဖြစ်ပါ၏။

"မေမေက ပြောထားတယ် မေမေရဲ့...ပိုက်ဆံတွေ ရှိနေတဲ့နေရာကို သမီးတစ်ယောက်တည်းပဲ သိထားရမှာတဲ့။ တကယ်လို့ သမီးက ဒီအကြောင်းတွေကို တခြား

တစ်ယောက်ယောက်ကို ဖွင့်ပြောပြပြီး သမီးကိုလည်း အိပ်မက်ထဲမှာ လာပြီးမတွေ့တော့ဘူးတဲ့ ဖေဖေ။ အဲဒါ ကြောင့်ပါ။ ဖေဖေ ပိုက်ဆံလိုချင်တယ်ဆိုရင်လည်း သမီးဆီ က ယူလေ''

သည်လိုကျပြန်တော့လည်း သမီးဆီက ငွေကို မလိုချင်။ သူလိုချင်သည်က လွင်လွင်မော် မသေဆုံးခင်က ငွေတွေဝှက်သွားသည့်နေရာကို သိရှိရဖို့ပဲ ဖြစ်သည်။

သည်စဉ်မှာပင်...

လွင်လွင်မော် အိမ်သို့ပြန်လာသည့်အတိုင်း အိမ်နောက် ဘက်ရှိ အုန်းပင်ကြီးရှေ့မှာ အချိန်ကြာမြင့်စွာ သွား၍ ထိုင်တတ်သည့်အဖြစ်ကို ပြေး၍ မြင်ထင်မိလိုက်သည်။

ကြည့်ရပုံမှာ လွင်လွင်မော်သည် သူ ရှာဖွေ၍ရလာ သမျှငွေအချို့ကို ထိုအုန်းပင်ကြီးနားတွင်များ သွားပြီးဝှက် ထားလေသည်လား မပြောတတ်။

ဖြစ်နိုင်သည်။

သည်အတိုင်းပဲ ဖြစ်နိုင်ပါ၏။

ဟိန်းတောက်ထွန်းစာပေ

လွင်မိုးမြင့်၏ရှေ့ရေးကို ကြိုတွေးတော့ပူဝန်ပြီး ငွေတွေကို ထိုနေရာတွင် သွား၍ဝှက်ထားသည်ပဲ ဖြစ်မည်။ ထို့နောက်တွင်မှ သမီးဖြစ်သူ လွင်မိုးမြင့်အား အိပ်မက်ဖြင့် ငွေရှိသည့်နေရာကို နုတ်လမ်းညွှန်လုပ်ခဲ့ခြင်းပဲ ဖြစ်ပါမည်။

မည်သို့ပင်ဖြစ်စေ...

ကိုမောင်မောင်သန်းသည် ထိုအကြောင်းအရာနှင့် စပ်လျဥ်း၍ လွင်မိုးမြင့်အား နောက်ထပ် မမေးဖြစ်တော့ပါ။ စိတ်ထဲကတော့မူ ထိုအကြောင်းအရာနှင့်စပ်လျဉ်းပြီး ကိုယ့်ဘာသာကိုယ် ကျိတ်၍ စုံစမ်းဖို့ စိတ်ဆုံးဖြတ်ချက်ချထားလိုက်မိတော့သည်။

* * *

## အခန်း(၃)

နေ့သိပ်မကောင်းဖြစ်လာသောကြောင့် ကိုမောင်မောင်သန်းသည် အလုပ်မှ စွင့်ယူပြီး အိမ်သို့ပြန်လာခဲ့သည်။ ထမင်းစားသောက် ဆေးသောက်ပြီးနောက် အိပ်ရာထဲဝင်ခဲ့ရာ တစ်ခဏချင်းမှာပင် တုံးကနဲ အိပ်ပျော်သွားတော့သည်။ တစ်နည်းအားဖြင့် ဆေးအရှိန်ကြောင့် အိပ်မောကျသွားခြင်းလည်း ဖြစ်ပါ၏။

မည်မျှကြာအောင် အိပ်မောကျသွားမိသည် မသိ။

နားထဲတွင် စကားပြောသံလိုလို ကြားလာရသောကြောင့် အိပ်မောကျရာမှ ဆတ်ခနဲ လန့်နိုးသွားသည်။ မျက်လုံးအစုံကို ဖွင့်ပြီး နားအသာစွင့်ထားလိုက်မိသည်။

ကြားလာရပါ၏။

တရံတစ်ခါက် အတွင်းခက်အခန်းဆီမှ သမီးဖြစ်သူ လွင်မိုးမြင့်၏စကားပြောသံ ဖြစ်သည်။

"မေမေ ဘယ်မှ မသွားရဘူးနော်။ သမီးကို တစ်ယောက်တည်းထားပြီး အဝေးကြီးကို မသွားပါနဲ့နော်။ မေမေမရှိရင် သမီးလည်း နေတော့မှာမဟုတ်ဘူး။ မေမေ သွားတဲ့ဆီကို သမီး တစ်ခါတည်း လိုက်ခဲ့မှာပဲ သိလား"

လွင်မိုးမြင့်၏အသံက သူ့မိခင်လွင်လွင်မော်နှင့် အမှန် တကယ် တွေ့ရှိပြီး စကားပြောနေသည့်အတိုင်း ဖြစ်သည်။

လွင်မိုးမြင့်သည် အိပ်မက်မက်ရင်း ထိုစကားတွေကို ပြောနေသည်။ ထို့မှမဟုတ် လွင်လွင်မော်၏ဝိညာဉ်က ဤအိမ်ခြံဝင်းမှ မကျွတ်မလွတ်သေးသည့် သမီးဖြစ်သူအား ကိုယ်ထင်လာပြနေခြင်းကြောင့် လွင်မိုးမြင့်က ထိုစကား တွေကို ပြောနေခြင်းများလား။

ကိုမောင်မောင်သန်းသည် သို့လောသို့လော အဖြေရှာ ရင်း၊ အကျိုးအကြောင်းသိရအောင် အိပ်ရာထဲမှ အသာ ထလာခဲ့သည်။ ထရံအကွယ်မှနေ၍ လွင်မိုးမြင့် အိပ်နေသည့် နေရာဆီသို့ အသာချောင်းမြောင်းကြည့်သည်။

လွင်မိုးမြင့်သည် သူ၏အိပ်ရာထက်တွင် ထ၍ထိုင်နေခဲ့ပြီဖြစ်သလို တစ်ဘက်သို့ လှည့်၍ စကားပြောဆိုနေပါ၏။ သည်တစ်ခါတော့ လွင်မိုးမြင့်၏ စကားပြောသံက တိုးသဲ့နေသောကြောင့် ကိုမောင်မောင်သန်းဘက်ကနေ သဲသဲကွဲကွဲ မကြားရတော့။

မည်သူနှင့်များ လွင်မိုးမြင့် စကားစမြည် ပြောနေပါလိမ့်ဟု စပ်စုစိတ်ဖြင့် ရှေ့သို့ကျော်၍ ကြည့်သည်။

မည်သူ့ကိုမျှ မတွေ့ရပါ။

လွင်မိုးမြင့်ရှေ့တွင် မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေပါ။

ရှိနေသည့်က ပိုးလိုးပက်လက်ဖြင့် အိပ်မောကျနေကြသည့် သားကြီးနှစ်ယောက်သာ ဖြစ်သည်။

သို့ဆိုပါမူ…

လွင်မိုးမြင့်သည် သူမိခင်ဖြစ်သူ၏ဝိညာဉ်နှင့် စကားပြောဆိုနေသည်ပဲ ဖြစ်ပါသည်။

သည့်နှယ်ပင်…

တွက်ဆမိလိုက်ရာက ဆက်၍ကြည့်နေဆဲမှာပင် လွင်မိုးမြင့်သည် ထိုနေရာမှ မတ်တတ်ထရပ်လိုက်ပါ၏။

ကိုမောင်မောင်သန်း ကြည့်နေစဉ်မှာပင် လွှင်မိုးမြင့်သည် သူ့အစ်ကိုနှစ်ယောက်အား ကျော်ဖြတ်၍ အိမ်နောက်ဘက်ဆီသို့ ထွက်သွားသည်။ ကန့်လန့်ထိုးထားသည့် အိမ်နောက်ဘက်တံခါးကို ကန့်လန့်ဖြုတ်၍ တံခါးကို ဖွင့်သည်။

ထို့နောက်...

ပွင့်နေသော တံခါးပေါက်မှတစ်ဆင့် အိမ်အပြင်ဘက်ဆီသို့ ထွက်သွားသည်။

လွှင်မိုးမြင့် ရှေးရှုဦးတည်သွားနေရာကား အိမ်နောက်ဘက်ရှိ အုန်းပင်ကြီးရှိရာဆီသို့ ဖြစ်သည်။

ကိုမောင်မောင်သန်းသည် ခြေသံလုံအောင် ကိုယ်ကိုဖော့နင်းရင်း လွှင်မိုးမြင့်၏နောက်သို့ အသာလိုက်ပါနေခဲ့မိသည်။

လွှင်မိုးမြင့် လျှောက်လှမ်းနေပုံက တစ်ဦးတစ်ယောက်က သူ့အား လက်တွဲ၍ ရှေ့ဆီသို့ ခေါ်ဆောင်သွားနေသည့်ပုံစံမျိုး ဖြစ်သည်။

ကိုမောင်မောင်သန်းသည် အသက်ပင် ရဲရဲမရှူဝံ့ဘဲ လွှင်မိုးမြင့်၏နောက်ကနေ တိတ်တဆိတ် လိုက်ပါနေမိသည်။

လွှင်မိုးမြင့်သည် လွှင်လွှင်မော် သေသုံးစီ ထိုင်နေကျ

ဖြစ်သည့် အုန်းပင်ကြီး၏ခြေရင်းနားသို့အရောက်တွင် ခြေလှမ်းအစုံကို ရပ်သည်။ ထို့နောက် ထိုင်ချလိုက်ရာမှ အုန်းပင်ကြီး၏ခြေရင်းနားရှိ မြေကြီးများကို ယက်ထုတ်လိုက်သည်နှင့် တွင်းငယ်လေးတစ်တွင်း ပေါ်လာသည်။ ထိုတွင်းငယ်လေးထဲသို့ လက်ထိုးနှိုက်လိုက်ပြီးဖြစ်၍ လက်ထုတ်လိုက်သည်နှင့် ငွေစက္ကူအထပ်လိုက်က ပါရှိလာတော့သည်။

လွင်မိုးမြင့်သည် ထိုငွေစက္ကူအထပ်လိုက်ကို အင်္ကျီရင်ဘတ်ကြားထဲသို့ သွင်းလိုက်ပြီးနောက် အုန်းပင်ကြီး၏ အထက်ဆီသို့ မော့ကြည့်ခဲ့ရာမှ-

"မေမေ...သမီး..သွားတော့မယ်နော်။ နောက်တစ်နေ့ကျမှ သမီး မေမေ့ကို နောက်တစ်ခါ လာတွေ့မယ်နော်။ စိတ်ချ...သမီး မေမေနဲ့ ပြန်တွေ့တာကို တခြားဘယ်သူ့ကိုမှ ပြန်မပြောပြပါဘူး။ သမီး သွားတော့မယ်နော်"

အမှန်တကယ် အသက်ထင်ရှားရှိနေသည့် လူသားတစ်ယောက်နှင့် စကားပြောနေသကဲ့သို့ ပြောနေသည့် သမီးဖြစ်သူ လွင်မိုးမြင့်ကို ကြည့်၍ ကိုမောင်မောင်သန်းချော

မလှုပ်မယှက် ကျောက်ဆစ်ရုပ်ကြီးတစ်ရုပ်ကဲ့သို့ ဝါးစခ် အပေါင်းသားဖြင့် ငြိမ်ကြည့်နေမိသည်။

ထိုစဉ်မှာပင်...

အံ့သြထူးဆန်းဖွယ်ရာ အချင်းအရာတစ်ခုကို ထပ်မံ ကြုံတွေ့လိုက်ရပြန်ပါ၏။

လွင်မိုးမြင့် နှုတ်ဆက်စကားအဆုံးတွင် တစ်ချိန်လုံး ငြိမ်သက်နေသည့် အုန်းပင်ကြီးလည်း လှုပ်ယမ်းလာတော့ သည်။ အုန်းပင်ပေါ်တွင် တွယ်ကပ်နေသည့် လင်းနို့ငှက်တွေ အားလုံး လန့်ပျံပြေးကုန်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ချည် လှုပ်ရှားကုန်သည်။

သို့သော်...

တစ်ခုတော့ ထူးဆန်းသည်။

အုန်းပင်ကြီး အရမ်းကာရော လှုပ်ယမ်းနေသော်လည်း အုန်းသီးတွေကတော့ တစ်လုံးမှ ကြွေမကျပေ။

ထို့ထက်မှာမူ ဘယ်ဆီက ပေါ်လာမှန်းမသိရသည့် အငွေ့ဖြူလိုင်းလုံးကြီးတွေက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွား၏။ မျက်စိအမြင်မှာ ဘာကိုမှ မြင်တွေ့ရနိုင်စွမ်း မရှိတော့ပါ။

ကိုမောင်မောင်သန်းသည် လက်ငင်းပစ္စကမှာ ကြုံတွေ့နေရသည့် အခြေအနေအားလုံးကို ကြည့်ပြီး တုန်လှုပ်ချောက်ချားနေမိသည် အမှန်။ သူ့ဇနီးဖြစ်သူ မလွင်လွင်မော်သည် အစွဲအလမ်းစိတ်ကြောင့် မကျွတ်မလွတ်သေးဘဲ အုန်းပင်ပေါ်တွင် ဝိညာဉ်အဖြစ် တွယ်ကပ်နေဆဲရှိနေသေးကြောင်း သိနားလည်လိုက်မိသည်။

* * *

အခန်း (၄)

နောက်တစ်နေ့တွင် ကိုမောင်မောင်သန်းသည် ရှိသမျှ ငွေကလေးနှင့် ပင့်သံဃာများ ပင့်ဖိတ်၍ အုန်းပင်ခြေရင်း၌ တရားနာပရိတ်ရွတ်သည်။ လွင်လွင်မော်အား သွားလိုရာ သွားခွင့်ပြုသည်။ ထို့မှတဖန် ထိုအုန်းပင်ကြီးအား ဖယ်ရှား ခုတ်လှဲသည်။ လွင်လွင်မော်နှင့်စပ်လျဉ်း၍ ကောင်းမှုကုသိုလ် တွေ ပြုလုပ်သည်။

ထိုအချိန်မှတွင်…

လွင်မိုးမြင့်သည် သူ့ပုံမှန်အတိုင်း ပြန်ဖြစ်သွား၏။ ညည ထ၍ယောင်ယမ်းခြင်းလည်း မရှိတော့ပါ။

ကြည့်ရပုံမှာ…

လွင်လွင်မော်သည် သူ့သမီးအတွက် စိတ်ပူသောကချ ဖြစ်ပြီး အခြားတစ်ဘဝဆီသို့ ကူးပြောင်းသွားသည်ပဲ ဖြစ်ပါသည်။

နှီးဖြစ်သူအတွက် ထိုကဲ့သို့ ပြုလိုက်ရသောကြောင့် စိတ်မကောင်းဖြစ်မိသော်လည်း မည်သို့မျှ မတတ်နိုင်ပါ။

လွင်မော်ရေ…အမျှ…အမျှ…အမျှ… မင်း တစ်ယောက် ကောင်း[illegible]ရာရောက်ပါစေ…။

❀❀❀

ဟိုးယောက်သွန်း

## မေတ္တာရှင်ရွာမှ လူကြမ်းများနှင့် မြွေဟောက်ကြီးအန္တရာယ်

တစ်ခါကတော့ ရွာလေးတစ်ရွာမှာ အင်မတန် ရိုးသားတဲ့ ထင်းခုတ်သမားတစ်ယောက် ရှိတယ်။

သူ့နာမည်က ဝဏ္ဏလို့ ခေါ်တယ်။

သူ့မိဘနှစ်ပါးဟာ သူ့အသက် ဆယ့်သုံးနှစ်သားအရွယ်လောက်ကတည်းက ကွယ်လွန်သွားခဲ့ကြတယ်။

သူ့မိဘတွေ ကွယ်လွန်သွားခဲ့တာကလည်း ရိုးရိုးသားသား သေ့ရိုးသားရိုးနဲ့ ကွယ်လွန်သွားခဲ့တာမျိုး မဟုတ်ဘူး။

တောထဲကို ထင်းခုတ်သွားရင်းနဲ့ ကျားဆိုးတစ်ကောင်နဲ့ တွေ့ပြီး အကိုက်ခံလိုက်ရလို့ပါပဲ။

အားကိုးစရာ မိဘနှစ်ပါးမရှိတော့တဲ့နောက်မှာ အားကိုးစရာမဲ့သွားတဲ့ ဝဏ္ဏအဖို့ ပြေမဆည်ဖြစ်ပြီး စိတ်ဓာတ်လည်း အကြီးအကျယ် ကျသွားခဲ့ရတယ်။

တကယ်တော့…

လူ့ဘဝမှာက သူ့မိဘနှစ်ပါးကလွဲလို့ အားကိုးအားထားပြုလောက်စရာ တခြားဆွေမျိုးသားချင်းရယ်လို့ တစ်ယောက်မှ မရှိတော့ဘူးလေ။ တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်သွားတဲ့ ဝဏ္ဏအဖို့ စိတ်အားငယ်ခဲ့ရတာနဲ့အမျှ နေ့တိုင်းပဲ ကွယ်လွန်သွားကြတဲ့ မိဘနှစ်ပါးကို တမ်းတမ်းတတနဲ့ ဘာအလုပ်အကိုင်မှ မလုပ်နိုင်တော့တဲ့အထိ ဖြစ်သွားတယ်။

တစ်ညမှာ သူ အိပ်မောကျနေတုန်း သူ့ဖခင်ဖြစ်တဲ့ ဦးစက္ကက သူ့ကို အိပ်မက်ပေးလာတယ်။ အိပ်မက်ထဲမှာ သူ့ကို ဆိုဆုံးမစကား ပြောလာတယ်။

"ဒီမှာ ငါ့သား... လူဆိုတာမျိုးက စပြီးမွေးလာကတည်းက သေဖို့ပြင်လာတာပဲ။ လူ့လောကကြီးကို စပြီးရောက်လာတယ်ဆိုကတည်းကိုက ဖြစ်တာပျက်တာတွေကိုကြုံတွေ့ရမှာပဲ။ အဲဒါတွေကို တွေးတွေးပြီး စိတ်ဓာတ်ကျနေရုံနဲ့ ငါ့သားရဲ့ဘဝဟာ ဘာမှထူးခြားလာမှာ မဟုတ်ဘူး။ လူ့လောကဆိုတာ ကစားဝိုင်းတစ်ခုလိုပဲ။ မင်းရဲ့အရည်အချင်းဘယ်လောက်ရှိသလဲဆိုတာကို စမ်းသပ်တဲ့ ကစားဝိုင်းတစ်ခုပေါ့။ ငါတို့တစ်တွေ မရှိတော့ဘူးဆိုပြီး မင်းအနေနဲ့ ဘာမှပူဆွေးသောကဖြစ်နေစရာ မလိုဘူး။ ငါတို့မရှိတော့တဲ့နောက် မင်းအနေနဲ့ မင်းရဲ့ဘဝတစ်ခု ရပ်တည်ဖို့အတွက် အရင်ကထက်ပိုပြီး စိတ်ဓာတ်မြှင့်တင်ထားရမယ်။ ကြိုးလည်းကြိုးစားရမယ်။ မိဘနှစ်ပါး သေသွားတယ်ဆိုပြီး ဘဝတစ်ခုကို လက်မြှောက်အရှုံးပေးနေလို့ကတော့ မင်းအနေနဲ့ လူဖြစ်လာရတဲ့ဘဝကို အရှုံးပေးလိုက်ရလို့ကတော့ မင်းအနေနဲ့ လူ့ဘဝမှာနေရတာ ဘာမှအဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး ငါ့သား...တကယ်တော့ လူ့ဘဝဆိုတာ ရခဲတယ်

ငါ့သား။ အဲသလိုရခဲ့တဲ့ လူ့ဘဝလေးကို အဓိပ္ပာယ်ရှိရှိနဲ့ နေနိုင်အောင် ကြိုးစားလိုက်စမ်းပါ ငါ့သားရယ်… သေသွားကြတဲ့ ငါတို့တစ်တွေက တမလွန်ဘဝကနေ မင်းရဲ့ကြိုးစားတာတွေကို စောင့်ကြည့်နေကြမှာပါ"

အဲဒီအိပ်မက်ကြောင့် ဝဏ္ဏဟာ အသိတရားရသလို ဖြစ်သွားတယ်။ ကွယ်လွန်သွားကြတဲ့ မိဘနှစ်ပါးကို တမ်းတနေ၊ ပူဆွေးနေရုံနဲ့ မပြီးသေးဘူးဆိုတာကို တွေးသိပြီး သဘောပေါက်နားလည်သွားတယ်။ ရခဲ့တဲ့ လူ့ဘဝမှာ အဓိပ္ပာယ်ရှိရှိနဲ့ နေထိုင်သွားမှဖြစ်မှာကိုလည်း သိသွားတယ်။

အိပ်မက်ထဲမှာ သူ့ကို မျက်စိအမြင် ဖွင့်လင်းပေးလိုက်တဲ့ သူ့ဖခင်ရဲ့စကားကြောင့် သူဟာ အမှန်ကိုမြင်သွားတယ်။ ကိုယ့်ဘဝရပ်တည်နိုင်ဖို့အတွက် အလုပ်ကို ကြိုးစားလုပ်ကိုင်မှဖြစ်တော့မယ်ဆိုတာကိုလည်း သဘောပေါက်သွားတယ်။

ဒီလိုနဲ့ မိဘနှစ်ပါးရဲ့လက်ငုတ်လက်ရင်းအလုပ်ဖြစ်တဲ့ ထင်းခုတ်တဲ့အလုပ်ကို ပြန်လုပ်တယ်။

ဒီလိုနဲ့ သူ အသက်ဆယ့်ရှစ်နှစ်သားအရွယ်ကို ရောက်

လာတယ်။ သူ့ခန္ဓာကိုယ်ကလည်း ဖွံ့ထွားလာတယ်။ အလုပ်ကြမ်းကို လုပ်နေရလို့လား မသိဘူး။ သူ့ပုံစံက ထွားထွားကြိုင်းကြိုင်းနဲ့ သန်သန်မာမာနဲ့ တကယ့်ဗလကောင်ကြီးတစ်ယောက်လို ဖြစ်လာတယ်။

သူ အလုပ်ကြိုးစားပြီး ရပ်ရေးရွာရေးကို သိတတ်တာကြောင့်လည်း ပတ်ဝန်းကျင်ကလူတွေကလည်း သူ့ကိုချစ်ခင်ကြတယ်။

"ဟေး...မောင်ဝဏ္ဏကြီး၊ မင်းမလဲကွာ အသက်အရွယ်နဲ့မလိုက်အောင် ထွားကြိုင်းလာလိုက်တာ။ အခုနေများ မင်းရဲ့မိဘနှစ်ပါးရှိရင် မင်းရဲ့ပုံစံကိုကြည့်ပြီး ဘယ်လောက်တောင် ဝမ်းသာလိုက်ကြမလဲ မသိဘူးနော်။ မင်းကြိုးစားပေ့...ရတဲ့ငွေကလေးကို စုထားပြီ မင်းရဲ့မိဘတွေအတွက်လည်း ကောင်းမှုကုသိုလ်တွေလုပ်ဖို့အတွက် စေ့နဲ့ဦးနော်"

အိမ်နီးနားချင်းတစ်ယောက်ဖြစ်တဲ့ ဦးစစ်အောင်ကသည်လို ဆိုဆုံးမစကား ပြောခဲ့သလို ဒေါ်တင်တင်ငြိမ်းက

လည်း-

"ဒီမှာ ငါ့တူကြီး...ငါ့တူကြီးရဲ့မိဘတွေလည်း မရှိတော့ဘူးဆိုတော့ ငါ့တူကြီးအနေနဲ့ နေရထိုင်ရတာ အဆင်းကျန်ဆန်နေမှာပဲနော်။ မင်းအနေနဲ့ အခုအချိန်မှာ အိမ်ထောင်လေးဘာလေးပြုဖို့ အချိန်သင့်နေတာတော့ အမှန်ပဲလေ။ ဒါခုလည်း နောက်ကိုဆိုရင် မင်းရဲ့ဘဝမှာ မိန်းမနဲ့ကလေးနဲ့ဖြစ်လာပြီး သာယာချမ်းမြေ့တဲ့ မိသားစုအိမ်ထောင်ရေးသုခကို ပြည့်ပြည့်ဝဝကြီး ခံစားရအောင်မပေါ့ကွယ်။ မင်းအိမ်ထောင်ပြုဖို့ကော မစဉ်းစားသေးဘူးလား။ ရွာထဲမှာကမင်းကို သဘောကျနေကြတဲ့ အပျိုမမတွေ အများကြီး ရှိနေကာပဲကွယ်...အဲဒီထဲကမှ ကိုယ်နဲ့သင့်တော်မယ့်တစ်ယောက်ယောက်ကို ရွေးပြီး ယူလိုက်ပေါ့ ငါ့တူကြီးရယ်"

ဒါပေမယ့်...

ဝဏ္ဏဟာ ပြုံးပြုံးလေးပဲ ခေါင်းခါပြီး ငြင်းလိုက်ခဲ့တယ်လေ။

"မဖြစ်သေးပါဘူး ဒေါ်ဒေါ်ရယ်…အခုအချိန်မှာ ကျွန်တော့်ဘဝနဲ့ကျွန်တော် အေးအေးဆေးဆေး နေချင်သေးတယ်။ လူပျိုဘဝနဲ့ပဲနေပြီး ကုသိုလ်ကောင်းမှုလေးတွေ လုပ်ချင်သေးတယ်။ မိဘတွေနဲ့ပတ်သက်လို့ကော ကျွန်တော့်ထက် နိမ့်ကျတဲ့လူတွေအတွက်ကော ကျွန်တော် ရှာလို့ရထားတဲ့ ငွေရေးကြေးရေးလေးတွေနဲ့ အလှူအတန်းတွေ လုပ်ချင်သေးတယ်ဗျာ။ အခုအချိန်မှာ ကျွန်တော် ဘာပဲလုပ်လုပ် တားဆီးမယ့်လူရှိမှာ မဟုတ်ဘူး။ အင်း…တကယ်လို့ ကျွန်တော် အိမ်ထောင်ပြုလိုက်ပြီဆိုပါတော့…အဲဒီအခါကျရင် ကျွန်တော့်ဘဝဟာလည်း လွတ်လပ်တော့မှာမဟုတ်ဘူး။ ဟိုဟာလုပ်ရင်လည်း လုပ်ပြန်ပြီ၊ ဒီဟာလုပ်ရင်လည်း လုပ်ပြန်ပြီဆိုပြီး အစစအရာရာ လိုက်ပြီးတားဆီးမယ့် တစိမ်းမိန်းမတစ်ယောက်က ပြောလာတော့မယ်လေ။ အဲဒီအခါကျရင် ကျွန်တော့်အနေနဲ့ ဘာကုသိုလ်တရားမှ လုပ်နိုင်တော့မှာ မဟုတ်ဘူး။ အဲဒါကြောင့် ကျွန်တော် အိမ်ထောင်မပြုသေးတာပါ။ ဒေါ်ဒေါ်အနေနဲ့ ကျွန်တော့်အတွက် စိတ်ပူပန်ပေးတာ

ကိုတော့ ကျေးဇူးတင်ပါတယ်ဗျာ"

ဒီတော့လည်း သူ့ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းကြတဲ့ လူတွေလည်း လက်လျှော့ပြီး နောက်ဆုတ်သွားကြတော့တယ်။

* * *

ဒီလိုနဲ့ တစ်နေ့မှာ သူတို့ရဲ့ရွာထဲက တစ်ကိုယ်လုံး အဝတ်အစားအဖြူတွေ ဝတ်ဆင်ထား့ပြီး မုတ်ဆိတ်ဖြူ၊ နှုတ်ခမ်းမွေးဖြူနဲ့ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး လောက်ရှိတဲ့ လူခန့်ခန့်ကြီးတစ်ယောက် ရောက်လာတယ်။

အဲဒီလူကြီးက တောင်ဝှေးကြီးကို မြေပြင်မှာထောက်ဖို့ ရွာထဲကိုဝင်လာရင်း ထမင်းဆိုင်တစ်ဆိုင်ထဲကို ဝင်သွားတယ်။ သူ့ပခုံးပေါ်က လွယ်အိတ်နွမ်းလေးကို ဘေးခုံမှာ ချထားလိုက်ပြီး ရေနွေးကြမ်းပန်းကန်ထဲ ရေနွေးငှဲ့ထည့်ပြီး ဖြည်းဖြည်းချင်း သောက်နေတယ်။

အဲဒီလူကြီးရဲ့ထူးခြားတဲ့ ပုံပန်းသဏ္ဌာန်ကြောင့် ဆိုင်

ထဲမှာ သောက်နေကြတဲ့လူတွေအားလုံးရဲ့အာရုံဟာ သူ့ဆီကို စုပုံပြီး ရောက်နေကြတာပေါ့လေ။ အဲဒါကို လူကြီးကသိပေမယ့် မသိကျိုးကျွံပြုနေတယ်။

ရေနွေးကြမ်းသောက်ပြီးတဲ့နောက် အဲဒီလူကြီးဟာ ဆိုင်ရှင်အမျိုးသမီးကြီးဆီကို လှမ်းကြည့်ပြီး အသံသြသြကြီးနဲ့-

"ဒီမှာဟိတ်...ဒီဆိုင်မှာ မေးမယ့်သူမြန်းမယ့်သူ တစ်ယောက်မှ မရှိကြတော့ဘူးလား။ ဒီဆိုင်မှာ စားပွဲထိုးတွေဘာတွေကော မထားတော့ဘူးလား"

ဒီတော့ ဆိုင်ရှင်မိန်းမဝဝကြီးမှာ အဲဒီမုတ်ဆိတ်ဖြူကြီးနဲ့လူကြီးနားကို တိုးကပ်လာကြီး ရိုရိုကျိုးကျိုးလေးပဲ-

"ဟုတ်ကဲ့ရှင့်...ကျွန်မတို့ရဲ့ဆိုင်က စားပွဲထိုးထားရလောက်အောင် အရောင်းအဝယ်က သိပ်မကောင်းပါဘူးရှင်။ ဒီမှာ စားပွဲထိုးမထားတာတောင် တစ်လတစ်လ ကျွန်မတို့အတွက် အမြတ်က သိပ်မကျန်ချင်ဘူးရှင့်"

မုတ်ဆိတ်ဖြူကြီးနဲ့လူကြီးက နှာခေါင်းတစ်ချက်

ရှုလိုက်ပြီး–

"အဲဒါ ကိုယ်ညဲ့လို့ဖြစ်တာနေမှာပေါ့။ လာပြီး စားသောက်ကြတဲ့လူတွေအပေါ်မှာ မလေးစားလို့…ပြီးတော့ အလုပ်တစ်ခုခုကို စေတနာပါပါနဲ့မလုပ်လို့နေမှာပေါ့"

လူကြီးရဲ့စကားကြောင့် မိန်းမဝဝကြီးရဲ့မျက်နှာဟာ တင်းကနဲ ဖြစ်သွားတယ်။ လူကြီးရဲ့စကားကြောင့် သူ စိတ်ကွက်သွားပုံရတယ်။

"ဒီမှာရှင့်…ကျွန်မတို့ရဲ့ဆိုင်က အစားအသောက် တွေက စေတနာပါပါနဲ့ ချက်ထားတာတွေချည်းပဲရှင့်။ ပြီး တော့ လာပြီးစားသောက်ကြတဲ့လူတွေအပေါ်မှာလည်း ကိုယ့် ထမင်းရှင်ကျေးဇူးရှင်တွေဆိုပြီး လေးလေးစားစားနဲ့ ဆက်ဆံ တာချည်းပဲ။ ရှင်က အခုတစ်ခါပဲ ကျွန်မတို့ရဲ့ဆိုင်ကို ရောက် လာသေးတယ်။ တစ်ခါတည်း ဝေဖန်နေလိုက်တာ ပျစ်ပျစ် နှစ်နှစ်ကိုပဲ"

ကက်ကက်လန်အောင် ရန်တွေစကားဆိုနေတဲ့ မိန်းမ ဝဝကြီးကိုကြည့်ပြီး မုတ်ဆိတ်ဖြူနဲ့လူကြီးဟာ သဘောကျ

သလို ဖြုံးလိုက်တယ်။ ပြီးတော့ ဦးခေါင်းတညိတ်ညိတ်လုပ်ပြီး-

"အင်း…ဟုတ်မယ်…ဟုတ်မယ်၊ လူတွေအပေါ်မှာ လေးလေးစားစားနဲ့ ဆက်ဆံတယ်ဆိုတာ ခင်ဗျားရဲ့မုံစံကို ကြည့်လိုက်တာနဲ့ ကျုပ်ကတော့ တစ်ခါတည်း အမွေးမြင်ပြီး အပင်ကို တမ်းကနဲ သိလိုက်တော့တာပဲ။ ကျုပ် ဒီမှာ ထိုင်ပြီး ရေနွေးသောက်နေတာက ပန်းကန်လုံးစာတောင် ကုန်သွားပြီ။ အဲဒါနဲ့တောင် ကျုပ်ကို ဘယ်သူမှ ဘာစားမလဲ၊ ဘာသုံးဆောင်မလဲဆိုပြီး ဘယ်သူမှ လာပြီးမမေးကြဘူး။ အဲဒါ စားသောက်တဲ့လူကို လေးလေးစားစားနဲ့ ဆက်ဆံတဲ့သဘောလား"

မိန်းမဝဝကြီးက နှုတ်ခမ်းတစ်ချက် မဲ့ရွဲ့လိုက်ပြီး-

"ဒါကတော့ရှင့်…ရှင်က ကျွန်မတို့ရဲ့အမြင်မှာ သူစိမ်းတစ်ယောက်ဖြစ်နေတော့ ထမင်းဝင်စားတာလို့မှ မလင်မိဘဲကိုး။ ခရီးပန်းလာလို့ ခရီးတစ်ထောက်နားပြီး ရေနွေးကြမ်းဝင်သောက်နေတာပဲလို့ ထင်မိတာကိုးရှင့်။

တကယ်ဆို ရှင့်ဘက်ကလည်း ဆိုင်ထဲကို စပြီးဝင်လာကတည်းက မှာစရာရှိတာကိုမှာပြီး စားစရာရှိတာကို စားနေရမှာပေါ့ရှင်''

မုတ်ဆိတ်ဖြူနှင့်လူကြီးက ဦးခေါင်းကို ယမ်းခါပြပြီး

''အင်း…ခင်ဗျားတို့ရွာက စားသောက်ဆိုင်ရဲ့ပုံစံကလည်း တစ်မျိုးပဲနော်။ စားသောက်ချင်တဲ့လူက ဆိုင်ထဲဝင်လာကတည်းက စပြီးမှာရတယ်လို့၊ အင်း…ဟုတ်တော့ဟုတ်နေပြီ၊ တော်တော့်ကို သဘာဝမကျတဲ့ကိစ္စပဲ။ ဒီပုံစံအတိုင်းသွားနေရင်တော့ ဒီဆိုင်တော့ ကြာရှည်ခံတော့မှာမဟုတ်ဘူး။ လာပြီးစားသောက်ကြတဲ့လူတွေက စိတ်မရှည်တာနဲ့ ခဏခဏ ပြဿနာတက်ရမှာ အသေအချာပဲ''

မုတ်ဆိတ်ဖြူနှင့်လူကြီး မှတ်ချက်ချလိုက်တာကို ကြားသိသွားပုံရတဲ့ မိန်းမဝဝကြီးရဲ့ခင်ပွန်းဖြစ်ဟန်တူတဲ့ အတွင်းခန်းတစ်နေရာကနေ အပြင်သို့ထွက်လာတယ်။ ထိုသူဟာ မုတ်ဆိတ်ဖြူနှင့်လူကြီးရဲ့ထိုင်ခုံဘေးတွင် ခါးထောက်ရပ်လိုက်ပြီး မျက်ထောက်နီကြီးနဲ့ ငုံ့ကြည့်လို့။

“နို့…နေစမ်းပါဦး။ ခင်ဗျားက ဘယ်သူလဲ။ ခင်ဗျား ကို ကျုပ် ဒီရွာမှာ တစ်ခါမှ မမြင်ဖူးပါဘူး”

မုတ်ဆိတ်ဖြူနှင့်လူကြီးဟာ ထိုသူကို ဝံ့ဝံ့စားစားရှိသည့်အကြည့်ဖြင့် တစ်ချက်မျှ မျက်လုံးအထက်လှန်ကြည့်ပြီးနောက်-

“နို့…နေစမ်းပါဦး၊ ကျုပ်ကိုလာပြီး အသံမာမာနဲ့ မေးခွန်းထုတ်နေရအောင် မောင်ရင်ကရော ဘယ်သူလဲ”

ထိုသူသည် သူ့ကိုယ်သူ လက်ညှိုးထိုးပြီး-

“ကျုပ်က ဒီဆိုင်ရှင်ပဲ။ နာမည်က မဲတူးလို့ခေါ်တယ်။ ဟောဟိုကပဟာကတော့ ကျုပ်ရဲ့မိန်းမ သီရိလှိုင်ပဲ။ ကျုပ်တို့ရဲ့အကြောင်းကို သိသွားပြီဆိုတော့ ကျုပ် မေးတာတွေကိုလည်း ဖြေဦးလေ။ ခင်ဗျားက ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို”

“အင်း…ကျုပ်ကိုတော့ လူအများက အဘိုးဖြူလို့ခေါ်ကြတယ်။ ကျုပ် ဒီကိုရောက်လာတာက ပျောက်သွားတဲ့ကျုပ်ရဲ့ညီကို လာပြီးရှာတာပဲ။ အင်း… မောင်ရင်တို့ဆီက

လူတွေအားလုံးကိုကြည့်ရတာ ယဉ်ကျေးမှု သိပ်မရှိသလိုပဲ။ နည်းနည်းရိုင်းစိုင်းချင်ကြသလိုပဲနော်"

အဘိုးဖြူဆိုသည့် မုတ်ဆိတ်ဖြူနှင့် လူကြီး၏ နောက်ဆုံးစကားကြောင့် ကိုမဲတူးရဲ့မျက်နှာဟာ တစ်ခဏ အတွင်းမှာပဲ ကျောက်သားကျောက်စိုင်လို မာကျောသွားပြီး လေသံမာမာနဲ့-

"ခင်ဗျားကြီး ဘာစကားတွေ လာပြီးပြောနေတာ လဲ။ ခင်ဗျားကြီး ဒီရွာကို ရောက်တာ သိပ်မကြာသေးဘူးနဲ့ တူတယ်။ ဒီရွာကလူတွေအကြောင်းကို သိပ်မသိသေးဘူးနဲ့ တူတယ်။ ခင်ဗျားကြီး အခုလို အာချောင်နေပုံမျိုးနဲ့ဆိုရင် ဒုက္ခလှလှကြီး တွေ့ရတော့မှာ သိပ်သေချာတယ်"

အဘိုးဖြူကလည်း မျက်ခုံးတစ်ဖက်ကို အသာ ပင့်တင်လိုက်ပြီးတဲ့နောက်-

"အို...ဟုတ်လား၊ ကျုပ်က မကြာခင် ဒုက္ခလှလှ ကြီးတွေ့မှာတဲ့လား။ အင်းလေ...ကျုပ်ဆိုတဲ့လူကလည်း ဒုက္ခဆိုတာကို မတွေ့ဖူးသေးတော့ အခုမှကို တွေ့ချင်နေ

တာ။ ပြစမ်းပါဦး…ဒုက္ခဆိုတာ ဘယ်လိုမျိုးလဲဆိုတာကို"

"ဩော်…ဩော်…ခင်ဗျားကြီးက ဒုက္ခဆိုတာကို မကြုံဖူးသေးဘဲကိုး။ ကောင်းပြီလေ…ဒုက္ခဆိုတာကို ကြုံဖူးတွေ့ဖူးချင်တယ်ဆိုရင်တော့ ကြုံဖူးတွေ့ဖူးအောင် ကျုပ်က ပြရသေးတာပေါ့လေ။ ကဲ…လာပြီ ဒုက္ခဆိုတာ အဲဒါပဲ"

စကားအဆုံးမှာတော့ ကိုမဲတူးဟာ ရှောက်သီးလုံး လောက်ရှိတဲ့ သူ့ရဲ့လက်သီးဆုပ်ကြီးနဲ့ အဘိုးဖြူရဲ့ခေါင်း တည့်တည့်ကို ထုချလိုက်တယ်။

ကိုမဲတူးရဲ့လက်သီးဆုပ်စာကို မိသွားလို့ကတော့ အထုခံလိုက်ရတဲ့လူရဲ့ခေါင်းဟာ ရှစ်စိတ်ရှစ်မွှာ ကွဲထွက်သွား မှာ သိပ်သေချာတယ်လေ။ အုန်းသီးတစ်လုံးကို ကြမ်းပြင် ပေါ် ရိုက်ခွဲချလိုက်သလိုပေါ့။

ဒါပေမယ့်…

အစကတည်းက သတိကို လက်ကိုင်ပြုထားတဲ့ အဘိုးဖြူဟာ ကိုမဲတူး ဆုပ်ထားတဲ့ လက်သီးအပေါ်ကို

မြှောက်တင်လိုက်တာနဲ့ အောက်ကို ပြန်ပြီးမကျခင်မှာမဲ ဘေးမှာ ရှထောင်ထားတဲ့ တောင်ဝှေးကို ကောက်ကိုင်ပြီး နောက်ပြန်လှန့်ထိုးပစ်လိုက်တာပေါ့။

"ဒိုတ်"

"အင့်"

တောင်ဝှေးဟာ လိုရာဆီကို မိမိရရကြီး ထိဝင်သွားတယ်။

ကိုမဲတူးရဲ့ရင်ပကို တောင်ဝှေးက ထိထိမိမိကြီး ထိဝင်သွားတဲ့နောက် အရှိန်မထိန်းနိုင်တော့ဘဲ နောက်ပြန်လဲကျသွားတယ်။

အဘိုးဖြူဟာ ထိုင်ရာက မထသေးဘဲ ရေနွေးကြမ်းကို ပန်းကန်ထဲထည့်ပြီး အေးအေးဆေးဆေး သောက်နေတယ်။

သူတို့ရဲ့ဖြစ်ပျက်ပုံကိုကြည့်ပြီး ဆိုင်ထဲမှာ စားသောက်နေကြတဲ့လူတွေအားလုံး အံ့အားသင့်တဲ့မျက်လုံးတွေနဲ့ လှမ်းကြည့်နေကြတယ်။

အသက်ကြီးပေမယ့် မပျက်စီးသလို ခြေသွက်လက်သွက်ဖြစ်နေတုန်းရှိသေးတဲ့ အဘိုးဖြူကိုလည်း အထင်ကြီးတဲ့ အကြည့်တွေနဲ့ လှမ်းကြည့်နေကြတာပေါ့။

ကိုမဲတူးဟာ လဲကျနေတာကနေ ဆတ်ကနဲ ထရပ်လိုက်တယ်။ ဘေးကထိုင်ခုံကို ဆွဲယူပြီး အဘိုးဖြူရဲ့ခေါင်းကို ရိုက်ချလိုက်တယ်။

"ခွမ်း"

ကိုမဲတူး ရိုက်ချလိုက်တဲ့ ထိုင်ခုံကြီးဟာ အဘိုးဖြူရဲ့ ခေါင်းကိုတော့ မထိတွေ့မိဘူး။ အဘိုးဖြူရဲ့ရှေ့မှာရှိနေတဲ့ စားပွဲခုံကြီးကိုသာ အရှိန်ပြင်းပြင်း ရိုက်ခတ်မိသွားတယ်။ ထိုင်ခုံနဲ့ထိတွေ့မိတဲ့ စားပွဲခုံကြီးဟာ ဟက်ကနဲ ကွဲထွက်သွားတာပေါ့။

အမှန်တော့…

အခုလိုဖြစ်သွားရတာကလည်း တခြားကြောင့် မဟုတ်ဘူး။ ကိုမဲတူးက ထိုင်ခုံကို ဆွဲကိုင်လို့ အားယူ မြှောက်တင်လိုက်ကတည်းက အဘိုးဖြူက ထိုင်ရာကထပြီး

တစ်ဘက်ကိုရောက်အောင် ရှောင်ထွက်ပြေးလို့ပဲပေါ့။

အဘိုးဖြူဟာ ဒီမီးကို အမြန်ငြိမ်းသတ်မှဖြစ်တော့မယ် ဆိုတာကို ကောင်းကောင်းကြီး သဘောပေါက်သိနားလည် လိုက်တယ်။

ဒါကြောင့်လည်း...

အဘိုးဖြူဟာ လက်ထဲက တောင်ဝှေးနဲ့ ကိုမဲတူးရဲ့ ဂုတ်ပိုးပေါ်ကို ခပ်ဆတ်ဆတ်ကလေး ရိုက်ချပေးလိုက်တာပေါ့။

"ဒုတ်"

ဆိုတဲ့အသံတစ်ချက် ထွက်ပေါ်လာပြီးတဲ့နောက် ကိုမဲတူးလည်း ရှေ့ဆီကို ငိုက်ကျသွားတော့တယ်။ မျက်နှာနဲ့ ကြမ်းပြင်အပ်ပြီး ပြန်မထနိုင်တော့ဘူးလေ။

သူ့ယောကျ်ား သတိလစ်သွားတာကိုကြည့်ပြီး ဆိုင်ရှင် မိန်းမဝဝကြီးက အကြီးအကျယ် မျက်စိမျက်နှာပျက်သွား တော့တာပေါ့။

ဘဘိုးဖြူဟာ ဆိုင်ရှင်မိန်းမဝဝကြီးရဲ့ရှေ့မှာ သွားလို့ ရပ်ပြီး-

"ခင်ဗျားတို့ရဲ့ ဆိုင်အရောင်းအဝယ်မကောင်းတာ လည်း မပြောနဲ့လေ။ စားသောက်ဖို့လာကြတဲ့လူတွေအပေါ် မှာ ဂရုတစိုက်မရှိတဲ့အပြင် မချေမင် ဆက်ဆံချင်တဲ့စိတ်တွေ က များနေတာကိုး။ ဘယ်တော့မဆို မှတ်ထားရမှာက ကိုယ့်ဆိုင်ထဲကို ဝင်လာတဲ့လူတိုင်းဟာ ကိုယ့်ကို ပိုက်ဆံပေး ဖို့ ရောက်လာကြတဲ့ ထမင်းရှင်၊ ကျေးဇူးရှင်တွေချည်းပဲ ဖြစ်တယ်ဆိုတာကိုလည်း မှားသောက်ဆိုင်ဖွင့်ထားတယ်ဆို ကတည်းက လူတွေအပေါ်မှာ ချိုချိုသာသာနဲ့ ဆက်ဆံရမယ်။ 'အပြောချို လက်တို' ဆိုတဲ့စကားအတိုင်းပေါ့။ ကိုယ့်ဘက်က သဘောကောင်း မနောကောင်းနဲ့ ဆက်ဆံလိုက်တဲ့အခါကျ တော့ မကောင်းတဲ့ဟင်းတောင် သူ့အလိုလို ကောင်းသွား တတ်တယ်။ ပြုံးထားတဲ့မျက်နှာဟာ အရာရာကို အောင်နိုင် တဲ့စကားလိုပေါ့လေ။ ကဲ...ကျုပ် သွားမယ်။ ကျုပ်ပြော သွားတဲ့စကားတွေကို သေသေချာချာ မှတ်ထားဖို့လည်း မေ့မသွားနဲ့ဦး"

မှတ်ဆိတ်ဖြူအဖွေးသားနဲ့ ဘဘိုးဖြူဟာ ဆိုဆုံးမတဲ့

စကားတွေ အဆက်မပြတ်ပြောပြီးတဲ့နောက်မှာ စားသောက်ဆိုင်ထဲက လှည့်ထွက်ခဲ့တယ်။ ဆိုင်အပြင်ဘက်နားကို ရောက်တဲ့အခါမှာ ဘဘိုးဖြူဟာ ဆိုင်အပေါက်ဝနားမှာ ချိတ်ဆွဲထားတဲ့ ဆိုင်နာမည်ကို အသေအချာ လှမ်းကြည့်ပြီး ဖတ်လိုက်မိသေးတယ်။

စေတနာမေတ္တာရှင်စားသောက်ဆိုင်တဲ့လေ။

အင်း…ဆိုင်နာမည်ပေးထားပုံလေးကတော့ တကယ့်ကိုလှပပြီး အနှစ်သာရရှိပါပေရဲ့။ တကယ့်တကယ်မှာကျတော့ စေတနာမေတ္တာတွေကို ဘယ်ချောင်ထိုးတာလဲမသိဘူး။ စားသောက်ဖို့ဝင်လာတဲ့သူကို ထိမထင်တဲ့ဟန်နဲ့ မျက်နှာကြီးရှစ်ခေါက်ချိုးနဲ့။

မှတ်ဆိတ်ဖြူနဲ့ ဘဘိုးဖြူဟာ စိတ်ပျက်လက်ပျက်ဖြစ်သွားတဲ့ဟန်နဲ့ ခေါင်းကို မသိမသာ ယမ်းခါပြီး စေတနာမေတ္တာရှင်စားသောက်ဆိုင်နားကနေ ဖယ်ခွာခဲ့တယ်။ ရှေ့ကိုဆက်လျှောက်ခဲ့တယ်။

ရွာလယ်နားမရောက်တရောက်ကို ရောက်သွားတဲ့

အခါကျတော့ တုတ်တွေကိုယ်စီကိုင်ပြီး မြေကြီးပေါ်က သတ္တဝါတစ်ကောင်ကို အသေအလဲ ရိုက်နေကြတာကို ကြုံတွေ့လိုက်ရတယ်။ အဲဒီကလေးတွေရဲ့နှုတ်ကလည်း အော်ကြီးဟစ်ကျယ်နဲ့ပေါ့။

"ချကွ…ချကွ…အသေသာချပစ်"

"အရှင်မထားနဲ့ဟေ့…တော်ကြာ သူက မသေမရှင်ဘဝနဲ့ ဒို့ကို အငြိုးနဲ့ ပြန်ပြီး အန္တရာယ်ပေးမှာ ကြောက်ရတယ်ဟေ့"

ဘဘိုးဖြူလည်း ကလေးတွေ အသေအလဲရိုက်နေတဲ့ သတ္တဝါဟာ ဘာသတ္တဝါများဖြစ်မှာပါလိမ့်ဆိုပြီး လေ့လာစူးစမ်းတဲ့စိတ်နဲ့ အနားတိုးကပ်ပြီး သွားကြည့်မိတာပေါ့။

ဒီတော့လည်း…

မြေကြီးပေါ်မှာ သွေးသံရဲရဲနဲ့ မလှုပ်မယှက်ကြီးဖြစ်နေတဲ့ မြွေဟောက်ကြီးတစ်ကောင်ကို အတိုင်းသား တွေ့လိုက်ရတယ်။

မြွေဟောက်ကြီးသည် ကလေးတွေရဲ့တုတ်ရိုက်ချက်

ဒဏ်ကို အလူးအလှိမ့် ခံစားလိုက်ရတဲ့ပုံပဲ။

တုတ်တုတ်မျှမလှုပ်အောင် ငြိမ်သက်နေပြီး မျက်လုံးအစုံကလည်း ပွင့်နေတယ်လေ။

ဘဘိုးဖြူ လေ့လာစူးစမ်းစပ်စုနေတဲ့အချိန်မှာပဲ ကလေးငယ်ကလေးတစ်ယောက်ဟာ သူ့လက်ထဲက တုတ်ကို အောက်ပစ်ချလိုက်ပြီး မကျေမချမ်းနဲ့ ရေရွတ်လိုက်တဲ့စကားကတော့-

"ဟင်း…တို့ရဲ့မေတ္တာရှင်ရွာကို ဒုက္ခပေးဖို့ရောက်လာတဲ့ သတ္တဝါကြီး အခုတော့ ဘာတတ်နိုင်သေးသလဲ။ မေတ္တာရှင်ရွာက ကလေးတွေရဲ့အကြောင်းကို ကောင်းကောင်းကြီး သိသွားပြီမဟုတ်လား"

အဲဒီကလေးဆီက ကြုံးဝါးလိုက်တဲ့စကားသံကြောင့် ဒီရွာရဲ့နာမည်ဟာ မေတ္တာရှင်နာမည်တပ်ထားတဲ့ရွာဖြစ်မှန်း ဘဘိုးဖြူ သိလိုက်ရတယ်။

လောလောလတ်လတ် ကြုံတွေ့လိုက်ရတဲ့အခြေအနေတွေကြောင့်လည်း ဘဘိုးဖြူဟာ တော်တော်လေးကို

စိတ်ညစ်သွားမိတာတော့ အမှန်ပဲလေ။

ကြည့်လေ…။

စေတနာမေတ္တာရှင်စားသောက်ဆိုင်မှာတုန်းကလည်း ဆိုင်နာမည်နဲ့မလိုက်ဖက်တဲ့လူတွေနဲ့ ကြုံတွေ့ခဲ့ရပြီးပြီ။

ယခုလည်းတစ်ခါ။

မေတ္တာရှင်ဆိုတဲ့ရွာနာမည်နဲ့မလိုက်ဖက်အောင်ကို သတ်ဖြတ်တဲ့နေရာမှာ လက်ရဲဇက်ရဲရှိလှတဲ့ ကလေး တစ်သိုက်နဲ့လည်း ကြုံတွေ့ခဲ့ပြန်ပြီ။

အင်း…ရှေ့လျှောက် ဘာတွေကို ဘယ်လိုပုံစံမျိုးနဲ့ ဆက်ပြီး တွေ့ကြုံရဦးမယ်မသိဘူး။

စိတ်ပျက်စရာ တော်တော်လေးကောင်းနေတာတော့ အမှန်ပဲလေ။

ဘဘိုးဖြူလည်း စိတ်ပျက်လက်ပျက်နဲ့ ရှေ့ကိုဆက်ပြီး လျှောက်ခဲ့တယ်။

အချိန်ကလည်း တစ်စတစ်စနဲ့ ကုန်လွန်နေတာ ဆိုတော့ နေ့အလင်းရောင်ကလည်း အားလျော့သထက်

အားလျော့လို့လာနေပြီလေ။ နေ့အလင်းရောင်အစား အမှောင်ထုက တဖြည်းဖြည်း နေရာယူလာနေပြီပဲ ဆိုပါတော့။ မကြာခင် အမှောင်ထုက စိုးမိုးလာတော့မှာ အသေအချာပဲလေ။

အရေးကြီးတာက……

အမှောင်ထုမကျရောက်ခင် ဒီရွာအတွက် အိပ်စက်အနားယူဖို့ နေရာတစ်နေရာရာ တွေ့ဖို့ပဲလိုတယ်။

တစ်ညလုံး ဒီအတိုင်းကြီး ခရီးဆက်နေလို့ကတော့ ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ဘူး။

အိပ်စရာနေရာတစ်နေရာရာ ရှာမှဖြစ်မှာပဲ။

လမ်းလျှောက်လာရင်း မျက်လုံးအကြည့်က ဘေးဘီဝဲယာကို ကြည့်သည်။ တည်းခိုဆောင်တစ်ခုတလေများ တွေ့လိုတွေ့ငြားနဲ့ပေါ့။

တွေ့တော့ တွေ့လိုက်ပါရဲ့။

မမျှော်ရှင်တည်းခိုဆောင်ဆိုတဲ့ ဆိုင်းဘုတ်သေးသေးလေးနဲ့ ပျဉ်ထောင်အိမ်ကြီးတစ်လုံးကိုပေါ့။

အဲဒီပျဉ်ထောင်အိမ်ကြီးကို ဆောက်လုပ်ထားတာ တော်တော်ကြာမြင့်နေပြီထင်ပါရဲ့။ အပြင်ဘမ်းကနေ ကြည့်တာတောင် အိမ်ပုံစံကြီးက တော်တော်ကြီးကို ဟောင်းနွမ်းဆွေးမြေ့နေပြီ။ အိုမင်းရင့်ရော်တဲ့ အသွင်သဏ္ဌာန်ကို ဆောင်နေခဲ့တယ်လေ။

ပျဉ်ထောင်အိမ်ကြီးအရှေ့ လှေကားသုံးထစ်ရဲ့အပြင်လေးပေါ်မှာတော့ အရိုးပြိုင်းပြိုင်းနဲ့ ခွေးအိုလေးတစ်ကောင် ခွေပြီးအိပ်နေတယ်။ အဲဒီခွေးကို ကြည့်ရတာ အစာစားရတာ တော်တော်လေး ကြာမြင့်နေတဲ့ပုံပဲ။ မေတ္တာရှင်တည်းခိုဆောင်ရဲ့အရှင်သခင်တွေက ဒီခွေးလေးကို စောင့်ရုံစောင့်ခိုင်းထားပြီး အစားအစာကော ဟုတ္တိပတ္တိ ကျွေးမယ့်ပုံတော့ မပေါ်ဘူး။ တော်တော်စိတ်မသက်သာစရာ ကောင်းတာပဲနော်။

ဘာပဲဖြစ်ဖြစ်...

သူ့အနေနဲ့ ဒီမေတ္တာရှင်ဆိုတဲ့ တည်းခိုဆောင်မှာပဲ ဒီတစ်ညတာအတွက် တည်းခိုစတည်းချမှဖြစ်မယ်။

စိတ်ဆုံးဖြတ်ချက်နဲ့အတူ ဘဘိုးဖြူဟာ မေဗွာရှင် တည်းခိုဆောင်နားကို တိုးကပ်ခဲ့တယ်။

လူခြေသံကြားလို့လား မသိဘူး။

အိပ်ပျော်နေတဲ့ ခွေးပိန်လေးဟာ ဆတ်ကနဲ နိုးသွားတယ်။ မျက်လုံးကို ဖွင့်ကြည့်ပြီး သူ့ကိုမြင်တာနဲ့ ဘုမသိဘမသိ ထိုးဟောင်တော့တာပါပဲ။

"ဝုတ်…ဝုတ်…ဝုတ်"

ခွေးဟောင်သံကြောင့်ထင်တယ်။

ထိုတည်းခိုဆောင်ထဲကနေ လူတစ်ယောက် ထွက်လာတယ်။ လေ့လာစူးစမ်းတဲ့အကြည့်နဲ့ အပြင်ဘက်ကို တစ်ချက်လှမ်းကြည့်ပြီးတဲ့နောက် အပြင်ကခွေးလေးကို လှမ်းလို့မာန်ဖွဲ့တယ်။

"ဟိတ်…ဗလ၊ တိတ်စမ်း…မင်းရဲ့ဟောင်သံက တော်တော်လာဘ်တိတ်တာပဲ။ မင်းရဲ့ဟောင်သံကြောင့် လူတွေလည်း ငါတို့ဆီကို လာရဲကြတော့မှာ မဟုတ်ဘူး။ သွား…သွား…အဝေးကိုသွားစမ်း"

ပါးစပ်ကတင် ပြောရုံတင်မကဘူး။ ထရံဘေးမှာ ထောင်ထားတဲ့ တုတ်တစ်ချောင်းကို ကောက်ယူပြီး ခွေးပိန်လေးရဲ့တင်ပါးကို ခတ်ဆတ်ဆတ်လေး ရိုက်ချလိုက်ပြန်သေးတယ်။

တုတ်စာနဲ့ သူ့ပိန်ကပ်ကပ်အသားထိသွားလို့ နာကျင်လွန်းတာနဲ့ ခွေးပိန်လေးဟာ တကိန်ကိန်နဲ့ အော်ပြီး အဝေးကို ပြေးထွက်သွားတော့တယ်။

မြင်ရတွေ့ရတာတွေက စိတ်မသက်သာစရာတွေချည်းပဲ ဖြစ်နေတာမို့ ဘဘိုးဖြူလည်း ရင်ထဲမှာ ကျပ်တောက်ချင်သလို ဖြစ်လာတယ်။ အသက်ရှူရတာလည်း မဝချင်တော့သလို ဖြစ်လာကာမို့ အသက်ကို ပြင်းပြင်းရှူလိုက်မိတယ်။

"ဟိတ်…လူကြီး ခင်ဗျား ဘာလုပ်မလို့လဲ။ ဒီမှာတည်းမလို့လား"

မေးခွန်းထုတ်လာတဲ့အသံက ခေါက်ဆတ်ဆတ်နိုင်နေတယ်။ ပျော့ပျော့ပျောင်းပျောင်း မရှိဘဲ မာရေကျောရေနိုင်နေ

တယ်။ မျက်နှာထားကိုလည်း ကြည့်ဦး။ သူ့လုပ်စာကို တစ်ရွာလုံး ထိုင်စားနေတဲ့အတိုင်း တင်းလို့မာလို့။ တကယ့် ကျောက်သားကျောက်စိုင်အတိုင်းပဲ။

အင်း…ဒီရွာကလူတွေအားလုံး ဒီအတိုင်းချည်းပဲ ထင်ပါရဲ့။ တစ်ယောက်မှ ကောင်းမွန်တဲ့အလေ့စရိုက်တွေ မရှိကြဘူး။ တွေ့သမျှအားလုံး ရိုင်းရိုင်းစိုင်းစိုင်းတွေချည်းပဲ။ မေတ္တာရှင်ရွာဆိုတဲ့နာမည်နဲ့ တခြားစီပဲ။

"ဘယ်လိုလဲ အဘိုးကြီး၊ ဒီကမေးတာကိုလည်း အဖြေပေးဦးလေဗျာ။ ကျုပ်က ခွေးဟောင်သံကြားလို့ အပြင်ကို ထွက်လာရတာ။ အမှန်အတိုင်းပြောရရင် ကျုပ်က ဒီအချိန်ဆိုရင် ထမင်းစားသောက်ပြီးလို့ ကျုပ်ရဲ့ဇနီးမယားနဲ့ တောင် ခုတင်ပေါ်ကို ရောက်နေလောက်ပြီဗျ။ ကဲပါဗျာ… အဘိုးကြီးနဲ့ စကားပြောနေရတာနဲ့ ကျုပ်အတွက် တန်ဖိုးရှိတဲ့ အချိန်တွေ ကုန်နေပြီ။ ဒီတော့ အဘိုးကြီး လာရင်းကိစ္စကိုသာ အမြန်ပြောတော့ဗျာ"

အဲဒီလူက သူ့အကြောင်းတွေကို တရှည်တလျားကြီး

အကျယ်တဝင့် ပြောချသွားတယ်။

ဘဘိုးဖြူခမျာ အသက်တောင် ရဲရဲမရှူရဲဘဲ အဲဒီလူ ပြောနေသမျှစကားတွေကို နားထောင်နေမိတယ်။ ပြီးတော့ စိတ်ထဲကနေပြီးတော့လည်း ရေရွတ်နေမိတယ်။

"ဩော်...ဒုက္ခ...ဒုက္ခ၊ ဘယ်လိုလူစားမျိုးပါလိမ့်။ ဒီလူ့ကိုကြည့်ရတာ အချိန်ကို တော်တော်လေး တန်ဖိုးထားပြီး အလုပ်တော်တော်များမယ့်ပုံလည်း ရတယ်။ အင်းလေ သူ့ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို ငါ့အနေနဲ့ ဖြုန်းမနေတော့ဘဲ လာရင်းကိစ္စကိုပဲ တဲ့တိုးပြောလိုက်တာပဲ ကောင်းပါတယ်လေ"

စိတ်မသက်မသာနဲ့ပဲ ဘဘိုးဖြူဟာ အဲဒီလူကို လှမ်းပြောလိုက်မိတယ်။

"ကျုပ် တစ်ညလောက် ဒီမှာ တည်းခိုချင်လို့ပါ"

"ရပါတယ်၊ ခင်ဗျားက ရိုးရိုးသားသား လူတစ်ယောက်ဆိုရင်တော့ ဒီမှာ ဘယ်နှရက်ပဲဖြစ်ဖြစ် တည်းခိုလို့ရပါတယ်။ ဈေးနှုန်းကတော့ တစ်ညကို အသပြာသုံးရာပဲ

နော်"

ငွေကို ရှေ့တန်းတင်ပြီး ပြောလာတဲ့ အဲဒီလူကို ကြည့်ပြီး ဘဘိုးဖြူဟာ ခေါင်းတစ်ချက် ညိတ်ပြလိုက်တယ်။

"ရပါတယ်၊ ငွေရေးကြေးရေးက ကိစ္စမရှိပါဘူး။ ကျုပ်မှာ ငွေလုံလုံလောက်လောက် ပါပါတယ်။ အရေးကြီးတာက ကျုပ်အနေနဲ့ ဒီတစ်ညအတွက် အေးအေးဆေးဆေး အနားယူနိုင်ဖို့ပဲ"

"အား…ဒီအတွက်တော့ ဘာမှစိတ်ပူမနေနဲ့။ ဒီမှာက ဘယ်သူမှ ပူစပ်ပူလောင် မလုပ်ကြဘူး။ အားလုံး အေးဆေးဆေးဆေးသမားတွေပဲ။ ကျုပ်ကလည်း လူရွေးပြီးမှ ထားတာ"

အပြောကောင်းနေတဲ့ အဲဒီလူကိုကြည့်ပြီး တော်တော်စကားများသလောက် အပြောကြီးတဲ့လူပဲလို့လည်း စိတ်ထဲက မှတ်ချက်ချလိုက်မိတယ်။

ဘဘိုးဖြူဟာ လွယ်အိတ်ထဲက ငွေအသပြာသုံးရာ ထုတ်ပြီး အဲဒီလူကို ပေးလိုက်တယ်။ တဆက်တည်းမှာပဲ

သူ သိချင်တာတစ်ခုကို စုံစမ်းမေးမြန်းလိုက်မိတယ်။

"ဒီမှာကွယ်…ဒီရွာမှာ စက္ကဆိုတာများ ရှိသလား"

အဲဒီလူက မျက်မှောင်ကြုံ့လိုက်တယ်။ တစ်ခုခုကို စဉ်းစားရခက်သလိုလည်း အခိုက်အတန့် ခဏလောက် ငြိမ်သက်နေသေးတယ်။ ပြီးတော့မှ ဘဘိုးဖြူကို စူးစူးစိုက်စိုက်ကြည့်ပြီး–

"အခု ခင်ဗျားမေးတဲ့ စက္ကဆိုတာနဲ့ ခင်ဗျားနဲ့က ဘယ်လိုပတ်သက်နေလို့လဲ"

ရော…ခင်တော့နေပါပြီ။ သူက ကိုယ့်ရဲ့အမေးကို အဖြေမပေးတဲ့အပြင် ပြန်ပြီးတော့တောင် မေးခွန်းထုတ်နေသေးတယ်။

"အဲဒီစက္ကဆိုတာ ကျုပ်ရဲ့ညီအရင်းပဲ။ သူ မိန်းမယူသွားပြီးကတည်းက ကျုပ်နဲ့ကွဲသွားတာ။ နှစ်တွေတော်တော်ကြာခဲ့ပြီဆိုပါတော့လေ။ ဒီရွာကို ရောက်နေတယ်လို့ သတင်းကြားလို့ ဒီကို လိုက်လာခဲ့တာပဲ"

ဘဘိုးဖြူက လိုရင်းတိုရှင်းနဲ့ ရှင်းပြလိုက်တယ်။

အဲဒီလူက ဘဘိုးဖြူကို အကဲခတ်သလို တစ်ချက် လှမ်းကြည့်ပြီး-

"အင်းလေ…ခင်ဗျား လိုက်ရှာနေတဲ့ စက္ကူဟုတ် မဟုတ်တော့ မသိဘူး။ စက္ကူဆိုတဲ့လူတစ်ယောက်ကတော့ ညတိုင်း ဒီမှာ လာအိပ်တတ်တာပဲ။ သူလာရင်လည်း သူ့ တပည့်တွေက သူနောက်ကနေ ကပ်ကပ်ပြီး ပါလာတတ် တာပဲ"

အဲဒီလူပြောတဲ့ ..ဆိုတာ သူလိုက်ရှာနေတဲ့ သူညီ စက္ကူများ ဖြစ်နေမလား မပြောတတ်ဘူး။ တာပဲဖြစ်ဖြစ် ဒီမှာ လာတည်းတဲ့ စက္ကူဆိုတာကို တွေ့ကြည့်ဖို့ ဘဘိုးဖြူ စိတ် ဆုံးဖြတ်လိုက်တယ်။

"ကောင်းပြီလေ… ခင်ဗျားပြောတဲ့ စက္ကူဆိုတဲ့လူနဲ့ ကျုပ် ဒီည တွေ့ချင်တယ်။ သူနဲ့ကျုပ်ကို တွေ့ပေးနိုင်မလား"

"ခင်ဗျားက တွေ့ချင်နေတယ်ဆိုရင်လည်း တွေ့ပေးရ မှာပေါ့လေ။ သူ ဒီကိုရောက်လာတဲ့အခါကျရင် ခင်ဗျားကို လာခေါ်လိုက်ပါမယ်။ အဲဒီတော့ အခန်းထဲသွားပြီး အေးအေး

ဆေးဆေး အနားယူချည်ဦး”

“ကျုပ်အတွက် အခန်းက ဘယ်အခန်းလဲ”

“ဟောဒီ လမ်းမှောင်လေးအတိုင်း တည့်တည့်ဝင်သွား။ ထောင့်အစွန်ဆုံးအခန်းက ခင်ဗျားအတွက်ပဲ။ အဲဒီအခန်းတစ်ခန်းပဲ အားတယ်။ ကျန်တဲ့အခန်းတွေကတော့ သူ့လူနဲ့သူ ပြည့်နေပြီလေ”

ဒီလိုနဲ့ ဘဘိုးဖြူဟည်း တည်းခိုဆောင်ရဲ့ ထောင့်အစွန်ဆုံးအခန်းကို ရောက်သွားတယ်။

မေတ္တာရှင်တည်းခိုဆောင်ဆိုတဲ့နာမည်နဲ့ မလိုက်ဖက်တဲ့အခန်းတစ်ခန်းပါပဲ။

အခန်းလေးက ကျဉ်းတယ်။

လူတစ်ယောက် အိပ်သာရုံ ခုတင်လေးတစ်လုံးချထားတယ်။

ခုတင်ပေါ်မှာက ညစ်နွမ်းနွမ်း စောင်ပါးလေးပာစ်ထည်ရယ်၊ ခေါင်းအုံးဟောင်းလေး တစ်လုံးရယ်၊ ပြီးတော့ ခြင်ထောင်ပါးလေးတစ်လုံးရယ်။ အဲဒါတွေတော့

ရှိတယ်။

ခေါင်းရင်းမှာ ပြတင်းပေါက်ရှိပေမယ့် တံခါးကို ပိတ်ထားတယ်။ အခန်းထဲမှာ အလင်းရောင်မရှိဘဲ မှောင်ပိန်းသလို ဖြစ်နေတယ်။ ပြီးတော့ မသန့်ရှင်းရတာကြာလို့လား မသိဘူး။ အခန်းထဲမှာ အမှိုက်စ တချို့ရှိနေပြီး ရနေတဲ့ အနံ့အသက်ကလည်း ဆိုးညစ်ညစ်နိုင်နေတယ်။

အင်းလေ…ဘာပဲဖြစ်ဖြစ်ပေါ့။ ဒီမှာ ဒီတစ်ညတည်းပဲ တည်းမှာပဲဥစ္စာ။ ဒီတစ်ညအတွက်တော့ သည်းညည်းခံရမှာပေါ့လေ။

ကိုယ့်စိတ်ကိုယ်ဖြေသိမ့်ပြီး လွယ်ထားတဲ့လွယ်အိတ်နဲ့ တောင်ဝှေးကို ဘေးချလို့ ခုတင်ပေါ် တက်လှဲလိုက်တယ်။

ခရီးက ပင်ပန်းလာလို့လား မသိဘူး။

ခေါင်းနဲ့ခေါင်းအုံး ထိတွေ့လိုက်တာနဲ့ မေ့ကနဲ အိပ်ပျော်သွားတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးကို အဆက်ပြတ်သွားလောက်အောင် ကုလားသေကုလားမော အိပ်မောကျသွားတယ်။

ဘယ်လောက်ကြာကြာ အိပ်မောကျသွားမိတယ်မသိဘူး။

အပြင်ဘက်ဆီက ထွက်ပေါ်လာတဲ့ တံခါးခေါက်သံကြောင့် ဆတ်ကနဲ လန့်နိုးသွားတယ်။

အလျင်အမြန် ထပြီး တံခါးသွားဖွင့်ပေးလိုက်တော့ အခန်းဝမှာ ရပ်နေတဲ့ တည်းခိုဆောင်ပိုင်ရှင်ကို တွေ့လိုက်ရတယ်။

"ခင်ဗျား တွေ့ချင်နေတဲ့ စက္ကူဆိုတာ အပြင်ဘက်မှာ ရောက်နေပြီ။ အဲဒါ တွေ့ချင်ရင် အပြင်ထွက်ခဲ့"

ဒါပဲပြောပြီး သူက လှည့်ထွက်သွားတယ်။

ဘဘိုးဖြူလည်း တောင်ဝှေးနဲ့လွယ်အိတ်ကိုယူပြီး သူ့နောက်ကနေ လိုက်ခဲ့တယ်။

တည်းခိုဆောင်အပြင်ဘက်မှာ စက္ကူတို့အုပ်စု ရောက်နေပုံရတယ်။ အပြင်ဘက်ဆီကနေ ဆူညံသံဖြစ်နေတဲ့ လူသံသူသံတွေကို ကြားနေရတယ်။

အဲဒီလူ အပြင်ဘက် ထွက်သွားပုံရတယ်။

ဟိန်းတောက်ထွန်းစာပေ

ဘဘိုးဖြူလည်း တည်းခိုဆောင်အပြင်ဘက်ကို ထွက်လိုက်ခဲ့တယ်။

အပြင်ဘက်မှာ ရပ်နေကြတဲ့ လူလေးယောက်ကို တွေ့ရတယ်။ တည်းခိုဆောင်ပိုင်ရှင်အပါအဝင်ပေါ့။ သူတို့ရဲ့ နောက်ဘက်မှာလည်း အမြီးတလှုပ်လှုပ် နှာတမှုတ်မှုတ် လုပ်နေတဲ့ မြင်းတွေကိုလည်း တွေ့ရတယ်။

"ဩော်...လာ...လာ...အဘိုးကြီး၊ ခင်ဗျား တွေ့ချင်နေတဲ့ စက္ကူဆိုတာ သူပဲလေ"

တည်းခိုဆောင်ပိုင်ရှင် ညွှန်ပြတဲ့လူကို ကြည့်လိုက်မိတယ်။

အရပ်အမောင်းက ထောင်ထောင်မောင်းမောင်း၊ ရင်အုပ်က ကျယ်ကျယ်၊ လက်မောင်းလက်ဖန်တို့က တုပ်တုပ်ခိုင်ခိုင်၊ ကြည့်နေတဲ့မျက်လုံးအကြည့်ကလည်း စူးစူးရဲရဲ။

"ခင်ဗျားလား...ကျုပ်ကို တွေ့ချင်နေတယ်ဆိုတာ ဘာကိစ္စနဲ့ ကျုပ်ကို တွေ့ချင်နေရတာလဲ"

မေးခွန်းထုတ်လာတဲ့ အဲဒီလူရဲ့အသံက မာဩကြီးနဲ့ တစ်ဖက်လူအပေါ်မှာ ဩဇာညောင်းမယ့်အသံမျိုးပါပဲ။

ဒါပေမယ့်…

တစ်ခုသေချာတာကတော့ ဘဘိုးဖြူ တွေ့ချင်နေတဲ့ စက္ကူဟာ ဒီစက္ကူ မဟုတ်ဘူးဆိုတာပဲ။

သေချာတယ်။

ဒီမျက်နှာ၊ ဒီရုပ်ရည်ဟာ သူ့ညီစက္ကူရဲ့မျက်နှာရုပ်ရည်နဲ့ တခြားစီပဲ။

သူ ကောင်းကောင်းကြီး မှတ်မိတာပေါ့။

သူနဲ့ ငယ်ငယ်လေးကတည်းက ခွဲခွာကွဲကွာနေရပေမယ့် သူ့ညီစက္ကူရဲ့မျက်နှာကိုတော့ သူ့မျက်စိထဲကနေ ပျောက်ဖျက်လို့ မရတာတော့ အမှန်ပဲလေ။

ဒါကြောင့်လည်း…

ဘဘိုးဖြူဟာလည်း ချောင်းတစ်ချက် ရှင်းလိုက်သလို ခေါင်းကို မသိမသာ ယမ်းခါပြပြီး–

"မောင်ရင်နဲ့ တွေ့ရတာအကြောင်း ကျုပ်မှာ ဘာမှ

မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောင်ရင်ဟာ ကျုပ်ညီ စက္ကနဲ့ နာမည်ချင်းတူပေမယ့် ကျုပ်ရဲ့ညီတော့ မဟုတ်ဘူး"

ဘဘိုးဖြူဟာ ပြောစရာရှိတာပြောပြီး သူတို့ရဲ့ရှေ့ မှောက်ကနေ လှည့်ထွက်သွားဖို့ ဟန်ပြင်လိုက်တယ်။

"ဟင်း...ဟင်း...ဒီလိုအပြောလေးနဲ့ ကျုပ်ကို လှည့်စားလို့ရမယ်များ ထင်နေသလား။ မရဘူးလေ...ဒီလို လုပ်လို့ မရဘူးလေ။ ကဲ...ဟော့ကောင်တွေ သူ့ကို ဖမ်းချုပ် ပြီး တောထဲက သစ်ပင်တစ်ပင်ပင်မှာ ကြိုးနဲ့ သွားပြီးချည် ထားလိုက်စမ်း"

စက္ကက အမိန့်ပေးလိုက်တာနဲ့ သူ့တပည့်နှစ်ယောက် က ဘဘိုးဖြူရဲ့ဘေးတစ်ဖက်တစ်ချက်ကို ရောက်လာပြီး လက်တစ်ဘက်တစ်ချက်စီကို ဖမ်းချုပ်လိုက်ကြတယ်။

"ဩော်...မေတ္တာရှင်...မေတ္တာရှင်...ဒီရွာကြီးဟာ နာမည်နဲ့ တော်တော့်ကို လိုက်ဖက်တာပဲကိုး။ တွေ့သမျှ လူတိုင်းဟာ ကလေးသူငယ်တွေကအစ အားလုံး ပျော်ပျော် ပျောင်းပျောင်း ရှိကြတာပဲ။ အင်း...တော်တော်လေးကို

နေချင်စရာကောင်းတဲ့ ရွာလေးပဲကိုး"

ဘဘိုးဖြူဟာ သူ ကြုံတွေ့ခဲ့ရတဲ့ မေတ္တာရှင်ရွာသား တွေနဲ့ပတ်သက်လို့ စိတ်ပျက်လက်ပျက်နဲ့ မှတ်ချက်ချလိုက်မိ တယ်။

"တယ်...ဒီအဘိုးကြီး တော်တော်လေကြောရှည် တာပဲ။ ကျုပ်တို့ဘက်က ဘာမှမလုပ်လို့ အရစ်တက်နေတာ လား...ဟုတ်လား... အဘိုးကြီး။ ကဲဟေ့...ဒီအဘိုးကြီးကို ကျောင်းမှန်းကန်မှန်းသိသွားရအောင် နည်းနည်းလောက် တော့ ပညာပေးလိုက်စမ်းပါဟေ့"

စက္ကူရဲ့စကားအဆုံးမှာ ဘဘိုးဖြူရဲ့လက်နှစ်ဘက်ကို ဆုပ်ကိုင်ထားတဲ့ သူစိမ်းနှစ်ယောက်ရဲ့လက်နှစ်ဘက်ဟာ တင်းကျပ်သွားတယ်။ ဒီလူတွေအနေနဲ့ သူ့အပေါ်မှာ ရက်စက်တော့မယ်ဆိုတာကို တွေးသိမိလိုက်တယ်။ ဒီအတိုင်း ကြီး ငြိမ်ခံနေလို့ မဖြစ်တော့မှန်း သိနားလည်လိုက်မိတယ်။ ပြီးတော့ တစ်ခုခုလုပ်ဖို့ကိုလည်း စိတ်ဆုံးဖြတ်ချက်ချလိုက် မိတယ်လေ။

အဲဒါနဲ့ပဲ ဘဘိုးဖြူရဲ့တောင်ဝှေး ကိုင်ထားတဲ့လက်ဟာ ဖယ်စက်သလို လှုပ်ရှားသွားတယ်။

"ဒုတ်…ဒုတ်…ဒုတ်"

"အား…"

"အီး…"

ဘဘိုးဖြူရဲ့လက်နှစ်ဘက်ကို ဆုပ်ကိုင်ထားတဲ့ လူနှစ်ယောက်ရဲ့ခေါင်းပေါ်တွေဆီကို ဘဘိုးဖြူရဲ့တောင်ဝှေးရိုက်ချက်က ပြင်းပြင်းထန်ထန် ကျရောက်သွားတယ်။ သူတို့နှစ်ယောက် ဘဘိုးဖြူရဲ့လက်နှစ်ဘက်ကို လွှတ်လိုက်ကြတယ်။ တောင်ဝှေးရိုက်ချက်ကြောင့် အထိနာသွားတဲ့ သူတို့ခေါင်းတွေကို သူတို့ အုပ်ကိုင်ပြီး မြေပြင်ပေါ်ကို ပြိုလဲကျသွားကြတယ်။

သူတို့လူ အထိနာသွားတာကိုမြင်တာနဲ့ ကျန်တဲ့နှစ်ယောက်က ကမူးရှူးထိုးနဲ့ ဝင်ရောက်လာပြန်တယ်။ ဘဘိုးဖြူကို နောက်ကျောဘက်ကနေ ဖမ်းချုပ်ဖို့ ကြိုးစားလိုက်ကြတယ်။

ဘဘိုးဖြူဟာ နောက်ကျောဘက်ကနေ ရန်သူ တိုးကပ်လာတာကို သိလိုက်တာနဲ့ နောက်ပြန်လှည့်မကြည့် ဘဲ တောင်ဝှေးနဲ့ နောက်ပြန်ဝှေ့ယမ်းပစ်လိုက်တယ်။

"ဒုတ်...ဒုတ်"

"အင့်..."

"အင့်..."

နောက်ကျောဘက်ကနေ တိုးကပ်လာနေတဲ့ ငနဲ နှစ်ယောင်ရဲ့ရင်ဝတွေကို တောင်ဝှေးက အရှိန်ပြင်းပြင်းနဲ့ ပစ်ထောက်မိသွားတယ်။ ထိချက်က ပြင်းထန်လွန်းနေတာ ကြောင့် ငနဲသားနှစ်ယောက်လည်း ပထမလူတွေတုန်းက အတိုင်းပဲ မြေပြင်ပေါ်ကို ပြန်ငြိမ်သက်သွားကြတယ်။

"ဟ...ဒီအဘိုးကြီးက ဘယ်လိုလူလဲ။ တော်တော် လေးကို ခြေသွက်လက်သွက် ရှိနေပါလား။ ဒါပေမယ့် ကျုပ်ကိုတော့ ယှဉ်ပြိုင်နိုင်လိမ့်မယ် မထင်ဘူးနော်"

ဘဘိုးဖြူ စက္ကဘက်ကို လှည့်ပြီး မျက်နှာချင်းဆိုင် လိုက်တယ်။

ပန်းသောကကိုထွန်းစာပေ

ဘယ်အချိန်က စက္ကူရဲ့လက်ထဲကို ဓားရှည်ကြီး ရောက်နေတယ်မသိဘူး။ လက်ထဲက ဓားရှည်ကြီးကို ကိုင် မြှောက်ပြီး ဘဘိုးဖြူရဲ့ခေါင်းကို အုန်းသီးစိတ် ရိုက်ခွဲသလို ရိုက်ခွဲချလိုက်တယ်။

ဘဘိုးဖြူဟာ ခန္ဓာကိုယ်ကို တစ်ဘက်ကို ယိမ်းပြီး တိမ်းရှောင်လိုက်တယ်။ ပြီးတော့ မုဆိုးဒူးထောက် ထိုင်ချ လိုက်ပြီး တောင်ဝှေးနဲ့ စက္ကူရဲ့လည်မျိုကို ဆောင့်တွန်းပစ် လိုက်တယ်။

"ဒုတ်"

"အွပ်"

တောင်ဝှေးထိပ်ဖျားဟာ လိုရာဆီကို တန်းတန်းမတ် မတ် ထိသွားတာကြောင့် ပထမလူလေးယောက်ထက် ပိုပြီး အထိနာသွားခဲ့ရတယ်။ စက္ကူရဲ့ခေါင်းဟာ နောက်ပြန်လန် ထွက်သွားတယ်။ လူလည်း နောက်ပြန်လဲကျသွားတော့တာ ပေါ့။

အဖြစ်အပျက်အစုံအလင်ကို ရင်သပ်ရှုမော ဖြစ်သွားရ

တဲ့သူက တည်းခိုဆောင်ပိုင်ရှင် ဖြစ်တဲ့သူပေါ့လေ။

ကြည့်လေ…

ဒီအသိုးကြီးကို ကြည့်တော့သာ ပျော့နွဲ့နွဲ့နဲ့။ ပုံပန်း သဏ္ဌာန်ကလည်း တကယ့်ပီဘိကြွက်ဖြူလေးတစ်ကောင် အတိုင်းပဲ။ သူများလုပ်သမျှကို ငြိမ်ပြီးခံမလုပ်တတ်တဲ့ပုံစံ မျိုးနဲ့။ တကယ်တမ်းကျတော့ သူ့ရန်သူ ငါးယောက်ကို တစ်ခဏအတောအတွင်းမှာ လဲသွားလိုက်တဲ့ပုံက တကယ့် ကို မုန်တိုင်းလေ့ပွေ မွှေသွားတဲ့အတိုင်းပဲ။ လက်သွက်ခြေ သွက်ရှိလိုက်တဲ့ပုံကတော့ သွက်ပါတယ်၊ လျင်ပါတယ်ဆိုတဲ့ လူငယ်တွေတောင် လက်မြှောက်အရှုံးပေး ညွှတ်ချလောက်ပါ ပေရဲ့။

"ဒီစက္ကူဆိုတဲ့အကောင်နဲ့ ဒီဟာတွေက ဘာတွေလဲ။ သူတို့ကိုကြည့်ရတာ ရိုးရိုးသားသားရှိမယ့်ပုံတော့ မပေါ်ဘူး။ တစ်ခုခုကို မရိုးမသားလုပ်တာလို့ ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်နေကြတဲ့ပုံစံမျိုးတွေပဲ"

မြေပြင်ပေါ်မှာ ပိုးလိုးပက်လက်နဲ့ အငြိမ်သက်ကြီး

ငြိမ်သက်နေကြတဲ့ ငနဲသား ငါးယောက်ကို မေးငေါ့ပြပြီး ဘဘိုးဖြူက မေးလိုက်တယ်။

တည်းခိုဆောင်ပိုင်ရှင်ဟာ ခေါင်းတခါခါ လက်တကာကာလုပ်ပြီး အထစ်ထစ်အငေါ့ငေါ့ အတုန့်တုန့်အရီရီနဲ့-

"ကျွန်…ကျွန်တော် ဘာမှမသိဘူး။ သူတို့တစ်တွေ ကျွန်တော့်ရဲ့တည်းခိုဆောင်မှာ လာပြီးတည်းခိုနေကြတဲ့ လူတွေအဖြစ်ပဲ ကျွန်တော် သိထားတယ်"

"အင်း… မောင်ရင်က မောင်ရင် ပြောသမျှစကားတွေကို ကျုပ်က အလွယ်တကူ ယုံစားလိမ့်မယ်လို့ ထင်နေတာကိုး…ကောင်းပြီ…ဒီလိုဆိုရင် မောင်ရင့်ကိုလည်း သူတို့ရဲ့ကြံရာပါအဖြစ်နဲ့ စာရင်းသွင်းပြီး တစ်ခုခု လုပ်ရတော့မှာပဲလေ"

ဘဘိုးဖြူရဲ့နှုတ်ဖျားက ထွက်လာတဲ့ ခြိမ်းခြောက်စကားကြောင့် ထင်တယ်။ သူဟာ မျက်စိမျက်နှာပျက်သွားပြီး အတုန့်တုန့်အလှုပ်လှုပ် အချောက်ချောက် အချားချားနဲ့။

"မလုပ်…မလုပ်ပါနဲ့ဗျာ။ ကျွန်တော် စောစောတုန်းက ပြောပြီးပြီပဲ။ ဒီလူတွေနဲ့ ကျွန်တော်က ဘယ်လိုမှ မပတ်သက်ပါဘူးလို့။ တစ်ခုတော့ ရှိတယ်။ သူတို့ရဲ့အကြောင်းတွေကို ကျွန်တော် ကြားသိထားတာတော့ ရှိတယ်"

ဘဘိုးဖြူက စိတ်ဝင်စားသွားသလို မျက်လုံးတစ်ဖက်ကို ပင့်တင်လိုက်ပြီး–

"ဆိုစမ်းပါဦး…သူတို့ရဲ့အကြောင်းက ဘာတွေလဲဆိုတာကို"

"ဒီလူတွေဟာ အရပ်တကာလှည့်ပြီး ဓားပြတိုက်နေကြတဲ့ ဓားပြအဖွဲ့တစ်ဖွဲ့ ဖြစ်နေတယ်ဆိုတာကိုပဲ"

"အင်း…အစကတည်းက ထင်တော့ထင်လိုက်မိသားပဲ။ ကဲ…ဒါဖြင့်လည်း သူတို့အားလုံးကို ကြိုးနဲ့တုပ်ထားပြီး တစ်ယောက်ယောက်ကို အကြောင်းကြားဖို့လုပ်လိုက်ပေါ့…ဟုတ်ပလား"

"နို့…ခင်ဗျားကရော ဒီည ဒီမှာ မတည်းတော့ဘူးလား"

ဘဘိုးဖြူက ခေါင်းခါပြလိုက်ပြီး–

"ဟင့်အင်း…မတည်းတော့ဘူး။ ရွေ့ခရီးကို ဆက်လျှောက်တော့မယ်။ အင်း…ဒီရွာလေးဟာ မေတ္တာရှင်ရွာလေးလို့သာ နာမည်ပေးထားတာ။ တကယ်တမ်းကျတော့ ဒီရွာက လူတွေအားလုံး ရွာနာမည်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေပြီး စရိုက်ကြမ်းတဲ့ လူကြမ်းတွေနဲ့ ပြည့်နှက်နေတာပဲကိုး။ တော်တော်ကြီးကို စိတ်ပျက်ဖို့ကောင်းတော့တာပဲ"

စိတ်ပျက်လက်ပျ…်နဲ့ ညည်းညည်းညူညူ ပြောပြီးတဲ့နောက် ဘဘိုးဖြူဟာ သူတို့ကို ကျောခိုင်းပြီး ရှေ့ကို ခရီးဆက်ခဲ့တယ်။

အမှောင်ထုဟာ တစ်စထက်တစ်စ သိပ်သည်းလာတယ်။

အချိန်ဟာ ကုန်မှန်းမသိကုန်လာပြီး ညဦးသန်းခေါင်ယံအချိန်ကို ကျော်လွန်လာတယ်။

လမ်းပေါ်မှာ လူသွားလူလာတွေကို လုံးဝ မတွေ့ရတော့ဘူး။

ဘဘိုးဖြူဟာ မမျှော်မှန်းနိုင်တဲ့ ခရီးအကွာအဝေး တစ်ခုကို သွားနေပုံရသလို ရှေ့ကို ဆက်လျှောက်လာလိုက် တာ ရေစပ်တစ်ခုနားကိုအရောက်မှာ ညာဘက်ခြေထောက် ဆီက စစ်ကနဲ ဖြစ်သွားမိတာကို သတိထားမိပြီး အထိတ် တလန့် ငုံ့ကြည့်လိုက်မိတယ်။ ဒီတော့လည်း သူ့ခြေထောက် နားကနေ ဖြတ်ပြီး ချုံစပ်တောထဲကို ပြေးဝင်သွားတဲ့ မြွေ တစ်ကောင်ကို ရိပ်ကနဲ မြင်တွေ့လိုက်ရတယ်။

ဒီတော့မှလည်း…

သူဟာ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ရဲ့ အတိုက် အခိုက်ကို ခံလိုက်ရပြီဆိုတာကို သိနားလည်လိုက်မိတယ်။

ဘုရား…ဘုရား…အကုသိုလ်တရားတွေက သူ့ နောက်ကို အခုထက်ထိ လိုက်နေတုန်းပါပဲလား။ ဟိုဘဝတုန်းက သူ့အနေနဲ့ ဘာအမှားတွေများ ကျူးလွန်မိလို့ ဒီဘဝမှာ ဒီလိုအဖြစ်ဆိုးတွေနဲ့ လာပြီးတွေ့နေရပါလိမ့်။

မြွေပေါက်ခံလိုက်ရတဲ့ဒဏ်ကြောင့် ထင်တယ်။

လျှောက်လှမ်းနေတဲ့ ဘဘိုးဖြူရဲ့ခြေလှမ်းတွေဟာ

တစ်စတစ်စနဲ့ နေးကွေးလာတယ်။ လေးလန်လာတယ်။

မျက်စိအမြင်ကလည်း နဂိုအတိုင်း မရှိတော့ဘူး။ မကြည်မလင်နဲ့ မှုန်ဝါးဝါး ဖြစ်လာတယ်။

နောက်ဆုံးတော့…

ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသလို ခံစားလိုက်ရပြီး မြေပြင်နဲ့မျက်နှာ ထိုးအပ်သွားတဲ့အဖြစ်ကိုပဲ သိလိုက်ရတော့တယ်။

ဒီနောက်မှာတော့ …ဘိုးဖြူဟာ ပတ်ဝန်းကျင်တစ်ခုလုံးနဲ့ အဓိုက်အတန့်လောက် အဆက်ပြတ် သတိလစ်သွားခဲ့ရပါတော့တယ်။

သူ ဘယ်လောက်ကြာကြာအထိ ပတ်ဝန်းကျင်နှင့် အဆက်ပြတ်သွားရတယ် မသိဘူး။ အိပ်မက်ဆိုးတွေ မြင်မက်ပြီး လန့်နိုးလာတဲ့အချိန်မှာတော့ သူဟာ နူးညံ့တဲ့ အိပ်ရာတစ်ခုပေါ် ရောက်နေရတဲ့အဖြစ်ကို ပြန်သတိပြုမိလိုက်တယ်။

ဘစ်ဦးဖြူဟာ သတိကို လက်ကိုင်ပြုထားပြီး

မျက်လုံးကို တဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်မိတယ်။

ဒီတော့လည်း…

သူဟာ အခန်းငယ်လေးတစ်ခုရဲ့ ခုတင်တစ်လုံးပေါ်က မွေ့ရာခင်းအကောင်းလေးတစ်လုံးပေါ် ရောက်နေတာကို သတိထားမိသွားတယ်။ ပြီးတော့ သူ့ညာခြေထောက်မှာလည်း တင်းကျပ်တဲ့ အဝတ်တစ်ခုနဲ့ စည်းနှောင်ထားတာကို သိလိုက်ရတယ်။

သူ ဘာတွေဖြစ်ခဲ့ပါလိမ့်။

သူ ဘယ်လိုဖြစ်ပြီး ဒီအိမ်လေးထဲကို ရောက်နေရပါလိမ့်။

သူ စိတ်အေးအေးထားပြီး အဖြစ်သနစ်တွေအားလုံးကို ပြန်ပြီး သတိရအောင် မှတ်ဉာဏ်ကို နှိုးဆွတယ်။

သူ အားလုံးကို ပြန်ပြီးသတိရတယ်။ အဖြစ်အပျက်တွေအားလုံးကို ပြန်ပြီးမြင်ယောင်တယ်။

နောက်ဆုံး သူ့ညာခြေထောက်ကို မြွေပေါက်ခံလိုက်ရလို့ သူ ဒဏ်ရာအနာတရနဲ့ သတိလစ်သွားတဲ့အဖြစ်ကို ပြန်ပြီး

မြင်ယောင်လိုက်တယ်။

ကဲ…ထားပါတော့။

သူ သတိလစ်ပြီး သူ အမှယ်လိုကဘယ်လိုဖြစ်လို့ ဒီအိမ်လေးထဲကို ရောက်နေရပါလိမ့်။

"ဪ…အဘ…သတိရလာပြီလား။ ဆန်ပြုတ်ပူပူလေး သောက်လိုက်ရအောင်နော်"

အဲသလိုချိုသာတဲ့စကားနဲ့ နှုတ်ခွန်းဆက်စကားဆိုရင်း အခန်းထဲကို အသက်နှစ်ဆယ်ပတ်ဝန်းကျင်လောက်ရှိမယ့် လူရွယ်လေးတစ်ယောက် ဝင်လာတယ်။ လက်ထဲမှာလည်း အငွေ့တထောင်းထောင်းထနေတဲ့ ဆန်ပြုတ်ပန်းကန်လေးကို ကိုင်လို့။

အဲဒီလူရွယ်လေးက သူ့ဘေးမှာ ခုတင် တင်ပါးစောင်းထိုင်ချလိုက်တယ်။ ပြီးတော့ ဆန်ပြုတ်ကို ပါးစပ်နဲ့မှုတ်ပြီး သူ့ကို တိုက်ကျွေးဖို့လုပ်တယ်။

ဘဘိုးဖြူက လဲလျောင်းနေရာက ခေါင်းအုံးကို ကျောမှီထိုင်နေလိုက်ပြီး-

"နို့…နေစမ်းပါဦး။ ကျုပ်က ဘယ်လိုကဘယ်လို ဖြစ်ပြီး ဒီကိုရောက်နေရတာလဲ"

ဒီတော့လည်း လူရွယ်လေးက ဆန်ပြုတ်ပန်းကန်က ခုတင်ဘေးက ခုံပေါ်မှာ အသာချထားပြီး လေသံအေး ကလေးနဲ့ အကျိုးအကြောင်း ရှင်းပြလာတယ်။

"ကျွန်တော်က တောထဲမှာ ထင်းခုတ်တဲ့အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေတာပါ။ မနေ့ တစ်မနက်တုန်း က ကျွန်တော် ထင်းခုတ်ဖို့သွားတော့ တောအစပ်လေးမှာ သတိလစ်နေတဲ့ ဦးကြီးကို တွေ့ရတော့တာပဲ။ အဲဒီတုန်းက ဦးကြီးက မြွေကိုက်ခံထားရတဲ့ဒဏ်ရာနဲ့ မြွေဆိပ်တက်ပြီး သတိလစ်နေတာ။ ဒါနဲ့ ကျွန်တော်လည်း ဦးကြီးကို ကျွန်တော့်ရဲ့အိမ်ကို ခေါ်လာပြီး သမားတော်ကြီးဦးညိသာ ကို ပင့်ပြီး ဦးကြီးရဲ့ခြေထောက်ကဒဏ်ရာကို ကုခိုင်းရတော့ တာပဲ။ ဦးကြီး ကံကောင်းသွားတာက ကျွန်တော်နဲ့ အတွေ့ မြန်သွားလို့ပဲ။ အချိန်နည်းနည်းလေးသာ နောက်ကျသွားရင် ဦးကြီးရဲ့အသက်ကို မှီတော့မှာမဟုတ်ဘူး"

လူရွယ်လေးရဲ့ အကျိုးအကြောင်း ရှင်းလင်းတင်ပြတာအဆုံးမှာတော့ ဘဘိုးဖြူဟာ အသက်ရှူကျပ်တောက်သလိုဖြစ်သွားပြီး ဖင့်သက်တစ်ချက်ကိုသာ ရှိုက်လိုက်မိတယ်။

အမှန်တော့…

„သူဟာ သေကံမရောက်လို့ သက်မပျောက်ခဲ့တာပဲ ဖြစ်တယ်။

မြွေဆိပ်တက်ပြီး သတိလစ်နေတဲ့သူကို ဒီလူရွယ်လေးသာ အမှီ့မှီမတွေ့ဖြစ်သွားဘူးဆိုရင် သူ့အနေနဲ့ အခုလောက်ဆို တမလွန်ကို ခရီးဆက်နေရလောက်ပြီ။

ဒီလူရွယ်လေးဟာ သူ့အတွက်တော့ တကယ့်ကို အသက်သခင် ကျေးဇူးရှင်ပါပဲ။

“အင်း…ကျုပ်ရဲ့အသက်ဟာ မောင်ရင်လေးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်လေ။ တကယ်တော့ မောင်ရင်လေးဟာ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်ပါပဲလေ။ ဒီကျေးဇူးတရားကို ကျုပ် အယ်တော့မှ မမေ့ပျောက်မသွားဘူး။

စိတ်ချ…နို့…ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့ မောင်ရင်လေးရဲ့နာမည်ကို ကျုပ် သိခွင့်မရှိဘူးလားကွယ်"

ဘဘိုးဖြူရဲ့အမေးကို လူငယ်လေးက ပြုံးပြုံးလေးပဲ အဖြေပေးလာတယ်။

"ဟုတ်ကဲ့…သိရပါတယ် ဦးကြီး။ ကျွန်တော့်ရဲ့ နာမည်က ဝဏ္ဏပါခင်ဗျာ။ နို့…ဦးကြီးကရော ဒီရွာကို ဘာကိစ္စနဲ့လာတာပါလိမ့်။ အဲသလိုမေးလိုက်လို့ ကျွန်တော့်ကို စပ်စုတယ်လို့တော့ မထင်လိုက်ပါနဲ့နော်။ ဦးကြီးမှာ အခက် အခဲရှိနေရင် ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီနိုင်အောင် လို့ပါ"

ဝဏ္ဏဆိုတဲ့ ဒီကောင်လေးကတော့ စကားပြောဆိုတဲ့ နေရာမှာရော၊ ရိုရိုကျိုးကျိုးရှိတဲ့နေရာမှာ အင်မတန်တော် တယ်။ လူကြီးတစ်ယောက်ကို ဆက်ဆံတဲ့နေရာမှာလည်း လူကြီးကို လူကြီးလို ဆက်ဆံတယ်။ အပြောအဆို လူပုံစံက အစ လမ်းမှာတွေ့ခဲ့ရတဲ့ လူကြမ်းလူသွမ်းတွေနဲ့တော့ တခြားစီပဲ။

အမှန်တော့...

မေတ္တာရှင်ရွာသားတွေအားလုံးဟာ ဒီလူရွယ်လေးလို ပုံစံမျိုးပဲ ရှိနေသင့်တာ။

အခုတော့ သူ တွေ့ခဲ့ကြုံခဲ့ဆုံခဲ့တဲ့လူတွေအားလုံးဟာ သတ်မယ်ဖြတ်မယ် တကဲကဲနဲ့။ ရိုက်မယ်နှက်မယ် တကဲကဲနဲ့။ တကုယ့်လူကြမ်းလူရမ်းကားတွေချည်းပဲ။

အဲသလိုလူစားမျိုးတွေရဲ့ စိတ်မချမ်းသာခဲ့ရသမျှ အခု ဒီဝဏ္ဏဆိုတဲ့ ကောင်လေးနဲ့ကျတော့မှပဲ စိတ်ချမ်းသာချင် သလိုဖြစ်ပြီး မြေဆိပ်အတက်ခံထားရလို့ ဒဏ်ရာရနေတဲ့ ဥစ္စာကိုတောင် မေ့ချင်သလို ဖြစ်သွားရတာတော့ အမှန်ပဲ လေ။

"အင်း...ကျုပ် ဒီရွာကိုလာရတဲ့အကြောင်းရင်းက တော့ ယော်ဖော်လေးကတည်းက ကျုပ်နဲ့ ကွဲကွာသွားတဲ့ ကျုပ်ရဲ့ညီကို လာပြီး လာရှာတာပဲ။ သူ့နာမည်က စက္ကတဲ့။ သူ့ဒေါ်တင်တင်ဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ခိုးယူပြေး သွားတာ။ သူ ဘယ်ရောက်လို့ဘယ်ပေါက်မှန်း မသိလို့ ကျုပ်

သူ့ကို တစ်ရွာဝင် တစ်ရွာထွက်လိုက်ရှာရင်းက ဒီရွာကို ရောက်လာဖြစ်တာပဲ မောင်ရင်လေးရဲ့။ ဒီစတ္တဆိုတဲ့နာမည်နဲ့လူကို ဒီရွာမှာ မောင်ရင်လေး မတွေ့မိဘူးလားကွယ်''

ဘဘိုးဖြူရဲ့စကားအဆုံးမှာတော့ ဝဏ္ဏဟာ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ မျက်လုံးပြူး မျက်ဆံပြူးနဲ့ အရမ်းကို အံ့ဩသွားတဲ့ပုံစံတွေ သူ့မျက်နှာမှာ အထင်းသား ပေါ်လာတယ်။ အတော်ကြာတဲ့အထိ စကားမပြောနိုင်သေးဘဲ ဘဘိုးဖြူရဲ့မျက်နှာကို ကြောင်ငေးငေးကြီး စိုက်ကြည့်နေခဲ့တယ်။

''ဘာဖြစ်လို့လဲ မောင်ရင်လေး''

ဘဘိုးဖြူ မေးလိုက်တော့မှပဲ ဝဏ္ဏလည်း လက်ငင်းပစ္စက္ခအခြေအနေကို ပြန်ပြီးသတိရသွားပုံရတယ်။ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး-

''ဦးကြီး...အခုနက ဘာပြောလိုက်တယ်။ ဦးစတ္တနဲ့ဒေါ်တင်တင်ဆိုတဲ့နာမည်တွေကိုများ ပြောမိလိုက်သလားလို့''

ဘဘိုးဖြူက ခေါင်းညိတ်ပြပြီး-

"ဟုတ်တယ်လေ… ကျုပ် ရှာနေတာကလည်း ကျုပ်ရဲ့ညီစက္ကနဲ့ သူ့မိန်းမတောင်တင်ကိုပဲ။ အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ဦးကြီးရယ်…အခု ဦးကြီး ပြောသွားတဲ့ ဦးစက္ကနဲ့ဒေါ်တောင်တင်ဆိုတာက ကျွန်တော့်မိဘတွေရဲ့နာမည်တွေ ဖြစ်နေလို့ပဲပေါ့ ဦးကြီးရဲ့"

ဒီတစ်ခါ တကယ်အံ့သြသွားတဲ့သူက ဘဘိုးဖြူ ဖြစ်နေတယ်။ ဘဘိုးဖြူဟာ ပါးစပ်အဟောင်းသားနဲ့ မျက်လုံးအပြူးသား ဖြစ်သွားပြီးတော့မှ-

"ဘာ…ဘယ်လို…သူတို့နှစ်ယောက်က မောင်ရင်လေးရဲ့မိဘတွေ ဟုတ်လား"

ဝဏ္ဏက ခေါင်းညိတ်ပြတယ်။

"ဟုတ်တယ်လေ…ဦးကြီးရဲ့၊ ဒါပေမယ့် ကျွန်တော့်ရဲ့မိဘနှစ်ပါးစလုံးက ကျွန်တော် ငယ်ငယ်လေးကတည်းက ဆုံးပါးသွားကြပြီ ဦးကြီးရဲ့။ အခုတော့ ဒီမှာ ကျွန်တော်

တစ်ယောက်တည်း ဖြစ်နေပြီလေ”

ဘဘိုးဖြူရဲ့မျက်နှာပေါ်မှာ စိတ်မကောင်းဖြစ်သွားတဲ့ အရိပ်အရောင်တွေ သိသိသာသာကြီး လွှမ်းမိုးသွားသလို ဝမ်းနည်းပက်လက် ဖြစ်သွားတဲ့အသံကြီးနဲ့လည်း-

“ဩော်…ဩော်…စက္ကကော သူ့မိန်းမပါ ဆုံးပါး သွားကြမှကိုး…အေးကွာ…စိတ်မကောင်းစရာပဲ။ ဘာပဲ ဖြစ်ဖြစ်ပေါ့ကွာ…တစ်ရွာလုံးမှာ တစ်ယောက်ဆိုသလို မင်းလို လိမ္မာရေးခြားရှိတဲ့ လူတစ်ယောက်ကို ရလိုက်တဲ့ အတွက် ငါ့အဖို့ အရမ်းကို ကံကောင်းတာပေါ့လေ။ ကဲပါ… ဘာပဲဖြစ်ဖြစ်ပေါ့လေ…ငါ့တူကြီး ဘဘနဲ့ အတူတူလိုက်ခဲ့ဖို့ လုပ်ပေတော့။ မင်းလို လိမ္မာရေးခြားရှိတဲ့လူတစ်ယောက် အနေနဲ့ လူကြမ်းတွေပေါများတဲ့ ဒီလိုနေရာမျိုးမှာ မနေသင့် တော့တာတော့ အမှန်ပဲ။ နောက်ပြီး ဘဘအနေနဲ့ ဒီရွာနဲ့ ပတ်သက်ပြီး ရှေ့ရေးကို ကြိုပြီးမြင်မိတာတော့ ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီလောက် လူဆိုးလူမိုက်တွေ ပေါများနေတဲ့ ဒီရွာကြီးဟာ မကြာခင်မှာ ပျက်စီးသွားတော့

မှာပဲဆိုတာကိုပဲ။ ဥပမာဆိုပါတော့ကွာ…လေမုန်တိုင်း အတိုက်ခံရလို့ပဲဖြစ်ဖြစ်၊ ငလျင်လှုပ်ခံရလို့ပဲဖြစ်ဖြစ် မကြာခင်အချိန်ကာလအတွင်း ဒီမြေရွာရှင်ရွာလေးဟာ ပျက်စီးဆုံးရှုံးရတော့မှာ သေချာတယ်။ ဒီတော့ လူလေးအနေနဲ့ ဒီရွာကိုစွန့်ပြီး ဘဘရဲ့နောက်ကိုသာ လိုက်ခဲ့ပါတော့ လူလေးရယ်။ ဘဘခေါ်တဲ့နောက်ကို လိုက်ခဲ့မယ်ဆိုရင်တော့ လူလေးအနေနဲ့ အင်မတန် စိတ်ချမ်းသာစရာကောင်းတဲ့ ကိစ္စတွေနဲ့ မလွဲမသွေ ကြုံရလိမ့်မယ်ဆိုတာကို ဘဘ ရဲရဲကြီး အာမခံတယ်ကွယ်"

ဘဘပဲဖြစ်ဖြစ်…

ကိုယ့်သွေးသားအရင်းအချာတစ်ယောက်ဖြစ်တဲ့ ဘဘအဘိုးဖြူကိုယ်တိုင်က လိုလိုလားလားနဲ့ ခေါ်နေပြီဆိုတော့လည်း သူ့အနေနဲ့ ငြင်းပယ်နေဖို့ မကောင်းတော့မှန်း သိနားလည်လိုက်မိတာပေါ့။ ဒါကြောင့်လည်း သူက ခေါင်းကို ညိတ်ပြလိုက်ပြီး–

"ကောင်းပြီလေ…ဒီရွာမှာကလည်း ကျွန်တော့်

အတွက်က ဆွေမရှိမျိုးမရှိနဲ့ဆိုတော့ ဘဘခေါ်တဲ့ဆီကို ကျွန်တော် လိုက်ခဲ့ပါတော့မယ်"

သူ့တူအရင်းခေါက်ခေါက်ဆီက အဲဒီစကားကို ဘဘိုးဖြူဟာ ဝမ်းသာသွားသလို မျက်နှာမှာလည်း အပြုံးရိပ်တွေ သိသိသာသာကြီး ပေါ်လာတော့တာပေါ့။

ဒီလိုနဲ့ နောက်တစ်နေ့မှာ ဝဏ္ဏဟာ ဘဘိုးဖြူနဲ့အတူ ခရီးထွက်ခဲ့တယ်။ ဘဘိုးဖြူနေထိုင်တဲ့ စေတနာကောင်းဆိုတဲ့ မြို့ငယ်လေးဆီကိုပေါ့။

တစ်ရက်နဲ့တစ်ည ခရီးနှင်လိုက်ပြီးတဲ့နောက်မှာ သူတို့ တူဝရီးနှစ်ယောက်ဟာ လိုရာခရီးဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတယ်။

ဘဘိုးဖြူဟာ သူ့အိမ်ကို ခေါ်မသွားသေးဘဲ သူကြွယ်ကြီးဦးကောင်းဇံဆီကို ခေါ်သွားခဲ့တယ်။ သူကြွယ်ကြီးဦးကောင်းဇံဟာ ဘဘိုးဖြူကိုမြင်တာနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်တယ်။

"အား...ဆရာကြီး ဒီရက်ထဲမှာ ပျောက်ချက်သား

ကောင်းလှချည့်လား။ ကျုပ်ပြောထားတဲ့ကိစ္စကော အောင်မြင်ခဲ့ရဲ့လား"

သူကြွယ်ကြီးဦးကောင်းစံက ဝဏ္ဏကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်ပြီးတော့မှ ဘဘိုးဖြူကို မေးလိုက်တယ်။

"ဟုတ်ကဲ့…သူကြွယ်ကြီးရဲ့စိတ်ဆန္ဒနဲ့ ကိုက်ညီမယ့် လူတစ်ယောက် ပါလာပါတယ်။ အဲဒီလူကတော့ ကျွန်တော့် ရဲ့တူကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ ကျွန်တော် မေတ္တာရှင်ဆိုတဲ့ ရွာကိုရောက်သွားတော့ တွေ့သမျှ လူငယ်လူကြီးမကျန် အားလုံးဟာ လိမ္မာယဉ်ကျေးမှုမရှိဘဲ စိတ်ကြမ်းကိုယ်ကြမ်းနဲ့ မိုက်ရိုင်းနေကြတာကို တွေ့ရပါတယ်။ လူကြီးကို လူကြီး မှန်းမသိဘဲ ရိုသေလေးစားရကောင်းမှန်းလည်း မသိကြပါ ဘူး။ ဒီကြားထဲမှာ ဓားပြဆိုတဲ့လူတွေနဲ့လည်း ဆုံခဲ့ရပါ တယ်။ ဒီလိုနေရာမျိုးမှာ ရှားရှားပါးပါးဆိုသလို လူကြီးကို လူကြီးမှန်း သိတတ်ပြီး စိတ်ရင်းစေတနာလည်း အင်မတန် ကောင်းပြီး လိမ္မာယဉ်ကျေးတဲ့ မောင်ဝဏ္ဏဆိုတဲ့ ကျွန်တော့်ရဲ့ တူအရင်းဖြစ်တဲ့ ဟောဒီက မောင်ဝဏ္ဏနဲ့ ဆုံတွေ့ခဲ့ရပါတယ်။

ဒါကြောင့် သူကြွယ်ကြီးရဲ့သမီးတော်လေး စောကာသီတွေး နဲ့ အသင့်တော်ဆုံးဖြစ်မယ်ထင်လို့ သူ့ကို ဒီကိုခေါ်လာခဲ့ရ ပါတယ်ခင်ဗျာ"

ဘဘိုးဖြူရဲ့တင်ပြချက်အဆုံးမှာ သူကြွယ်ကြီး ဦးကောင်းဇံဟာ စိတ်နှလုံးသဘောတွေ့သွားသလို ပြုံးတစ်စိ စိမ့်နဲ့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။

သူတို့ စကားပြောနေကြတဲ့အချိန်မှာပဲ သူကြွယ်ကြီး ဦးကောင်းဇံရဲ့ တစ်ဦးတည်းသော သမီးချောလေးဖြစ်တဲ့ စောကာသီတွေးမင်းသမီးလေးကလည်း အတွင်းခန်းထဲက နေ ထွက်လာပြီး သူတို့ရဲ့ရှေ့မှောက်ကို ရောက်လာတယ်။

စောကေသီတွေး ထွက်လာတာနဲ့ နေမင်းအလင်း ရောင် ထွန်းလင်းတောက်ပလိုက်သလို ထိုအခန်းကြီး တစ်ခန်းလုံး ကျက်သရေအပေါင်းနဲ့ ငြိးပြည့်စုံသွားသလိုပဲ။

စောကေသီတွေးလေးမှာ နာမည်က လှပနေသလို ရုပ်ရည်ကလေးကလည်း ချောမောပြေပြစ်တယ်။ ပုံ့ပုံ့ရှံ့ရှံ့နဲ့ ထုံးဖွဲ့နှောင်ထားတဲ့ မည်းနက်တောက်ပြောင် ဆံကေသာ

အောက်က မျက်နှာလေးဟာ အင်မတန်ကို ကြယ်စင်လှပနေတယ်။ မျက်ခုံးကောင်းတယ်။ မျက်လုံးအကြည့်လှတယ်။ မျက်တောင်လေးတွေက ကော့သွက်နေတယ်။ နှာတံလေးက ဖြောင့်စင်းနေတယ်။ လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းလေးက နီတျာတျာနဲ့။ မေးစေ့လေးက မသွယ်မချွန်နဲ့။ ရွှေလည်တိုင်လေးက သွယ်လျကြော့ရှင်းပြီး မြကြောစိမ်းစိမ်းလေးတွေကိုတောင် မြင်တော့ရေ့ရှိသလိုပဲ။

ရုပ်ရည်ရူပကာသာ ချောမောလှပတာ မဟုတ်သေးဘူး။

ခန္ဓာကိုယ်အဆစ်အပေါက်ကလည်း အချိုးအစားပြေပြစ်လှပတယ်။

ရင်စီးအောက်က ရွှေရင်အစုံဟာ အသက်အရွယ်နဲ့မလိုက်ဖက်အောင်ကို ဖွံ့ထွားတယ်။ အဝတ်မဲ့နေတဲ့လက်မောင်းသားတွေက ဝင်းဝင်းစိုစိုနဲ့။ ဝမ်းဗိုက်သားကရှပ်ရှပ်။ ခါးလေးက လေတိုးရင်တောင် ကျိုးထွက်သွားမလား မှတ်ထင်ရလောက်အောင် သွယ်သွယ်လျလျ။

တင်သားနှစ်ဖက်က ဘေးတစ်ဖက်တစ်ချက်ကို စွန်းထွက်နေသေး။

ဪ...ဘာပဲပြောပြော စောကေသီထွေးလေးဟာ ပြစ်မျိုးမှည့်မတင် အချစ်တန်ခိုးတွေ တိုးဝင်စေနိုင်တဲ့ အလှမင်းသမီးလေးတစ်ပါးပဲဆိုတာ ဝန်ခံရလေတော့မယ်။

ဘာကြောင့်လဲ မသိဘူး။

စောကေသီထွေးမင်းသမီးလေးကို စတွေ့မိလိုက်တဲ့ အချိန်မှာပဲ ဝဏ္ဏရဲ့ရင်ထဲမှာ တဒိန်းဒိန်း ဖြစ်သွားတယ်။ စိတ်ထဲမှာ အရမ်းကို လှုပ်ရှားသွားပြီး စောကေသီထွေးလေးကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိတယ်။

စောကေသီထွေးကလည်း ဝဏ္ဏကို စိုက်ကြည့်နေခဲ့တယ်။ ပြီးတော့ အချိုမုန့်ထည့်ထားတဲ့ ပန်းကန်တစ်ချပ်ကို ဝဏ္ဏရဲ့ရှေ့မှာ လာချပေးပြီး-

"သုံးဆောင်လိုက်ပါဦးရှင်...အားလုံး အေးအေးဆေးဆေးပေါ့နော်"

ကြည့်စမ်း...

ရုပ်ရည်တင်ချောမောလှပတာ မဟုတ်ဘူး။

ခန္ဓာကိုယ်တင်အချိုးအစား ပြေပြစ်ကျနတာ မဟုတ်ဘူး။

ထွက်လာတဲ့အသံလေးကလည်း တစ်ဖက်သား နားဘဝင်ချိုအေးအောင်ကို ကြည်စင်သာယာလိုက်တာ။ တစ်ဖက်သား နားဘဝင်မှာ နားဝင်ချိုစရာကောင်းလိုက်ပါဘိတော့။

"ငါ့တူကြီး ဒီသမမှာ မနေချင်ဘူးလား"

ဘဘိုးဖြူက ဝဏ္ဏရဲ့အရိပ်အကဲကို အကဲခတ်ရင်း သွေးတိုးစမ်းသလို မေးတယ်။

"ဘာဖြစ်လို့ မေးတာလဲ အဘ"

"ဟော...အမှန်အတိုင်းပြောရရင် ငါ့တူကြီးကို ဒီမိန်းကလေးနဲ့ လက်ထပ်ပေးဖို့ ခေါ်လာတာပဲ"

"ခင်ဗျာ"

"ဟုတ်တယ်၊ ဦးကောင်းစံက သူ့သမီးနဲ့ သင့်တော်လိုက်ဖက်မယ့် သတို့သားလောင်းတစ်ယောက်လောက် ရှာခဲ့

ပါဆိုပြီး အဘကို ယုံယုံကြည်ကြည်နဲ့ မှာလိုက်လို့ မင်းကို တွေ့ပြီး ဒီကိုခေါ်လာခဲ့တာပဲ။ ဘယ့်နှယ်လဲ…ဒီမိန်းကလေး ကို ငါ့တူကြီး သဘောကျတယ်မဟုတ်လား"

ဝဏ္ဏက ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြ လိုက်တယ်။

ဘဘိုးဖြူက ခေါင်းညိတ်ပြပြီး စကားဆက်ပြော တယ်။

"အေး…ဘယ်ကိစ္စကိုမဆို အလွယ်တကူနဲ့ ရတာ မျိုး မရှိတတ်ဘူး။ အခက်အခဲတစ်ခုခုနဲ့ တွေ့ကြုံပြီးမှ ရသွား တာမျိုးချည်းပဲကွဲ့။ မင်းအနေနဲ့ ဒီမိန်းကလေးကို အရပိုင်ဆိုင် ချင်တယ်ဆိုရင်တော့ အခက်အခဲတစ်ခုကို ဖြေရှင်းပြီးမှပဲ ဒီမိန်းကလေးကို မင်း ရမှာပဲ။ အဲဒီအခက်အခဲကတော့ တခြားမဟုတ်ဘူး။ ညညဆို မြွေဟောက်ကြီးတစ်ကောင် က ဒီမိန်းကလေးရဲ့အခန်းထဲကို ဝင်ဝင်လာတတ်ပြီး သူ့ဘေး မှာလာပြီး ခွေခွေအိပ်နေတတ်တယ်။ ပြောမယ်ဆိုရင် ဒီ မိန်းကလေးရဲ့အနားကို ရောက်လာတတ်တဲ့ ယောကျ်ားသား

မှန်သမျှကိုလည်း သူက ရှင်းထုတ်ပစ်တတ်တယ်။ ကြည့်ရတာ ဒီမြွေကြီးဟာ အတိတ်ဘဝတုန်းက ဒီမိန်းကလေးနဲ့ ပတ်သက်ဖူးတယ်နဲ့တူတယ်။ အဲ…ဒီထက်ရှင်းရှင်းပြောရရင် တစ်ချိန်တစ်ခါတုန်းက ဒီမိန်းကလေးရဲ့ချစ်သူတွေဘာတွေ ဖြစ်ဖူးချင်ရင်လည်း ဖြစ်ဖူးခဲ့မှာပေါ့လေ။ ဒီဘက်ဘဝကို ရောက်တဲ့အခါမှာတောင် ဒီမိန်းကလေးကို မစွန့်လွှတ်နိုင်လို့ အစွဲအလမ်းကြီးကြီးနဲ့ ဒီမိန်းကလေးအနားကို လာကပ်နေတာမျိုး ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ဒီတော့ ဘဘ ပြောချင်တာကတော့ ငါ့တူအနေနဲ့ ဒီမြွေဟောက်ကြီးကို ရှင်းပစ်နိုင်မယ်ဆိုရင်တော့ ဒီမိန်းကလေးနဲ့ ငါ့တူကြီး လက်ထပ်ခွင့်ရမှာပဲ။ ဘယ့်နယ်လဲ မောင်ဝဏ္ဏ…ငါ့တူကြီး အနေနဲ့ ဒီပြဿနာကို ဖြေရှင်းပေးနိုင်ပါ့မလား"

ဝဏ္ဏက ဘဘိုးဖြူရဲ့အမေးကို အဖြေမပေးသေးဘဲ စောကေသီတွေးကို လှမ်းကြည့်လိုက်မိတယ်။

တောင်းပန်တဲ့အကြည့်နဲ့ ကြည့်နေတဲ့ စောကေသီတွေးရဲ့မျက်ဝန်းတစ်စုံနဲ့ သွားပြီးရင်ဆိုင်တိုးတယ်။

ဝဏ္ဏ တစ်ခုခုကို အတိအလင်း စိတ်ဆုံးဖြတ်ချက် ချလိုက်တယ်။ ဘဘိုးဖြူကို ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး-

"ကောင်းပြီလေ…ဒီခွေးဟောက်ကြီးကို ရှင်းထုတ်နိုင်အောင် ကျွန်တော် ကြိုးစားပေးပါ့မယ်"

ဘဘိုးဖြူ ပြုံးသွားတယ်။

သူကြွယ်ကြီးဦးကောင်းဇံလည်း ပြုံးသွားတယ်။

ဒီအတိုင်းပဲ စောကေသီတွေးလည်း ပြုံးသွားတယ်။ ဒါပေမယ့် သူလေးရဲ့မျက်ဝန်းအိမ်ထဲမှာ မျက်ရည်ကြည်တွေ သီဝေလို့ရယ်ပေါ့။

ဒီလိုနဲ့ ဝဏ္ဏကို အစားကောင်းတွေ ကျွေးတယ်။ အိပ်ရေးဝအောင်ဆိုပြီး အိပ်ရာခင်းကောင်းကောင်းနဲ့ အိပ်ပြီး အနားယူစေတယ်။

ညအမှောင်ရောက်တာနဲ့ ဝဏ္ဏလည်း လိုအပ်တဲ့ပစ္စည်း ပစ္စယတွေနဲ့အတူ စောကေသီတွေးရဲ့အိပ်ခန်းထဲကို ရောက်နေပြီလေ။ ခွေးကြီး ရုတ်တရက် ဝင်လာလို့ရှိရင် သူ့ကို

မမြင်တွေ့နိုင်အောင်လည်း အခန်းရဲ့အကွယ်တစ်နေရာမှာ ပုန်းအောင်းချောင်းမြောင်းကြည့်နေလိုက်တယ်။

စာကေသီတွေးကတော့ ခုတင်ပေါ်မှာ ကွေးကွေးလေး စောင်ခြုံပြီး အိပ်ချင်ယောင်ဆောင်လို့ပေါ့လေ။

ဘေးတစောင်း အိပ်နေတဲ့ စာကေသီတွေးရဲ့ နောက်ပိုင်းခန္ဓာကိုယ်အလှကိုကြည့်ရင်း အသက်ရှူမောနေရတဲ့သူက ဝဏ္ဏရယ်ပါ။

ဩော်…ဒီမိန်းကလေးကို လက်မှာပိုင်ဆိုင်ရဖို့အရေးမှာ တကယ့်အန္တရာယ်ကောင်ကြီးကို ရင်ဆိုင်ဖြေရှင်းရဦးမှာပါကလား။

မြွေကြီးက ဘယ်လောက်တောင်ကြီးမ ိ ် မသိဘူး။

သူ ရင်ဆိုင်ဖြေရှင်းနိုင်ပါ့မလား။

တွေးရင်း စိတ်မောမိသေးတယ်။

အိုလေ…ငါ ဘာကြောက်စရာရှိလို့လဲ။ ငါ ယောကျ်ားမဲဥစ္စာ။ ငါ ရင်ဆိုင်ဖြေရှင်းနိုင်ရမှာပေါ့။

စိတ်ကို တင်းတယ်။ အားကိုမွေးတယ်။ အခန်းထဲကို ဝင်လာမယ့် အန္တရာယ်ကောင်ကြီးကို အဆင်သင့် စောင့်ကြို နေလိုက်တယ်။

စောင့်နေပါတယ်ဆိုကာမှ အန္တရာယ်ကောင်ကြီးက တော်တော်နဲ့ ပေါ်မလာဘူး။

စောင့်နေတဲ့ ဝဏ္ဏသာ အိပ်ငိုက်ချင်လာတယ်။ မျက်လုံးတွေ မှေးစင်းလာတယ်။ တစ်ချက်တစ်ချက် မှိတ်မှိတ်သွားတတ်တယ်။

အချိန်အတော်ကြီးကြာတော့မှပဲ သူ့နှာခေါင်းထဲကို အနံ့အသက်တစ်ခုက တိုးဝင်လာတယ်။ ညှီစို့စို့အနံ့ပဲ။

သူ့မျက်လုံးကို ဆတ်ကနဲ ဖွင့်လိုက်မိတယ်။

အခန်းထဲကို တဖြည်းဖြည်းချင်း တိုးဝင်လာနေတဲ့ မည်းမည်းရှည်ရှည်ကြီး အရိပ်တစ်ခုကို မီးအလင်းရောင်နဲ့ တွေ့မြင်လိုက်ရတယ်။ အဲဒီမည်းမည်းအရိပ်ကြီးဟာ တရွေ့ ရွေ့နဲ့ အခန်းထဲကိုဝင်လာပြီး စောကေသီထွေးရဲ့ ခုတင်ပေါ် ကို တက်သွားတယ်။ ပြီးတော့ စောကေသီထွေးရဲ့ဘေးမှာ

ချွပြီး ငြိမ်နေတော့တယ်။

မြင်ရသလောက်ကတော့ မြွေဟောက်ကြီးက တော်တော်ကြီးတယ်။ အရှည်က ငါးပေနီးပါးလောက် ရှိတယ်။ လုံးပတ်ကတော့ လူကြီးတစ်ယောက်ရဲ့လက်သီး ဆုပ်လောက် ရှိလိမ့်မယ်။

ဝဏ္ဏ ပုန်းနေတဲ့နေရာကနေ အသာထွက်ခဲ့တယ်။

စောကေသီတွေးရဲ့ခေါင်းနားကို တိုးကပ်ခဲ့တယ်။

လူနဲ့ရသွားလို့ ... ပသိဘူး။ မြွေကြီး ခေါင်းထောင် ထဖို့ လုပ်လိုက်တာ တွေ့လိုက်ရတယ်။

ဝဏ္ဏလည်း အချိန်ဆွဲမနေတော့ဘဲ စောကေသီတွေး ကို တစ်ဘက်ကို တွန်းပစ်လိုက်တယ်။ ပြီးတော့ လက်ထဲ မှာ အဆင်သင့်ကိုင်လာတဲ့ ပိုက်ကွန်နဲ့ မြွေကြီးကို အုပ်ချ လိုက်တယ်။ မြွေကြီးကို အုပ်မိသွားတယ်။ မြွေကြီးမှာ ဒေါသတကြီးနဲ့ အတင်းရုန်းကန်ဖို့ ကြိုးစားနေသေးတယ်။

ဒါပေမယ့် ...

မြွေကြီးကို ရုန်းထွက်ဖို့အခွင့်အရေး မပေးတော့ဘူး။

ဝဏ္ဏဟာ မြွေကြီးရဲ့လည်ပင်းကို ဓားနဲ့ တစ်ခါတည်း ပိုင်းချပစ်လိုက်တော့တာပေါ့။

တီကာနဲ့ ပြတ်ထွက်သွားတဲ့ ခေါင်းကြီးနဲ့အတူ ခန္ဓာကိုယ်ကြီးကလည်း တွန့်လိမ်လှုပ်ရှားနေသေးတယ်။

ပြီးတော့မှ တစ်ခါတည်း ငြိမ်ကျသွားတယ်။

စောကေသီထွေးကို အနှောင့်အယှက်ပေးနေတဲ့ မြွေဟောက်ကြီးဟာ တမလွန်ကို ထွက်သွားပြီဆိုတာ ယုံမှားသံသယရှိနေစရာ မလိုတော့ဘူး။ စောကေသီထွေးရဲ့ ခုတင်တစ်ခုလုံးလည်း မြွေဟောက်ကြီးရဲ့ကိုယ်က ထွက်လာတဲ့ သွေးတွေနဲ့ ရွှဲရွှဲဆိုသွားတော့တာပေါ့။

စောကေသီထွေးလည်း ကြောက်လန့်စာဖြစ်နေတဲ့ မျက်လုံးလေးနဲ့ မြွေဟောက်ကြီးကိုကြည့်ပြီးတဲ့နောက် ဝဏ္ဏဆီကို ပြေးလာတယ်။ ဝဏ္ဏရဲ့ရင်ခွင်ကြားထဲမှာ သူ့ရဲ့ခေါင်းလေးကို တိုးဝှက်ထားလိုက်တယ်။ ဝဏ္ဏကလည်း စောကေသီထွေးရဲ့ ခန္ဓာကိုယ်လေးကို လက်နှစ်ဖက်နဲ့ အသာရစ်သိုင်းဖက်ပြီး လေသံတိုးလေးနဲ့ ပြောလိုက်တာကတော့-

"အန္တရာယ်တွေ ရှင်းသွားပါပြီ စောရယ်"

ဘာပဲဖြစ်ဖြစ်ပေါ့လေ…

တစ်ရွာမှာ တစ်ယောက်ဆိုသလို စိတ်သဘောထား အင်မတန်ကောင်းမွန်တဲ့ ဝဏ္ဏဆိုတဲ့ လူရွယ်လေးဟာ စောကေသီထွေးဆိုတဲ့ မိန်းမချော မိန်းမလှတစ်ယောက်ကို လက်ဝယ်ပိုင်ဆိုင်မိလိုက်တာတော့ အမှန်ပဲလေ…။

ပြီးပြီ။

သန်းမြင့်ဦး

❀❀❀